ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့၊ (28-7-2005) (၄၆၇၀)

ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့်ကာကွယ်ရေး လူထုအစည်းအဝေး ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်၌ ကျင်းပ

ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်ကျင်းပသည့် "ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးကို ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၂၇

"ပြည်တွင်းပြည်ပအဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ တက်ရောက်လာကြသော လူမှုရေးအသင်းအဖွဲ့ဝင်များက "ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"နှင့် "ဒို့တာဝန်အရေးသုံးပါးကို ခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး" တို့ကို အကျယ်တဝင့် ဆွေးနွေးတင်ပြကြပြီး လူထုအစည်းအဝေးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များအားလုံးက တစ်ခဲနက် အတည်ပြုဆုံးဖြတ်ကြသည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

ပြည်တွင်းပြည်ပ အဖျက်သမားအုပ်စုက ဘယ်လိုပဲ ဖျက်လိုဖျက်ဆီး နှောင့်ယှက်ဟန့်တားပါစေ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်လာရေး နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော် စည်းလုံးညီညွတ်စွာ ကြိုးပမ်းတည်ဆောက်သွားမည် အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်တားဆီး

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ယနေ့ကျင်းပသော "ပြည်တွင်းပြည်ပအဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့်ကာကွယ်ရေး" လူထုအစည်းအဝေးတွင် သဘာပတိ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးဦးသာဝင်း၏ အဖွင့်အမှာစကား အပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်သည်။

ချစ်ကြည်လေးစားအပ်ပါသောကိုယ်စားလှယ်များခင်ဗျား–

ရှေးဦးစွာကျွန်တော်တို့နိုင်ငံရဲ့အခြေအနေကို စတင်ပြောကြားလိုပါတယ်၊ ကျွန်တော်တို့နိုင်ငံဟာ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများနဲ့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် စုပေါင်းနေထိုင်လျက်ရှိတဲ့ အချုပ်အခြာအာဏာပိုင် လွတ်လပ်တဲ့ နိုင်ငံဖြစ်ပါတယ်၊ ယနေ့ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ **စာမျက်နှာ ၈ ကော်လံ ၅ သို့** ✧

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၂၈-၇-၂၀၀၅
(ကြာသပတေးနေ့)

သန့်ရှင်းသော သောက်သုံးရေရရှိရေး အရှိန်အဟုန်မြှင့်တင် မြို့နယ်လုံးကျွတ် ရေဖူလုံစွာသုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိကြသည်။ ကျေးလက်ဒေသများ ဖွံ့ဖြိုးစည်ပင်လာခြင်းသည် မြို့ပြဒေသများ ဖွံ့ဖြိုးစည်ပင်လာခြင်းနှင့် ဆက်စပ်လျက်ရှိသည်။ တစ်နည်းအားဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးလာခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာခြင်းပင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းညွှန်မှုနှင့်အညီ ကျေးလက်ဒေသနေ ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဖြည့်ဆည်းပေးမှုများတွင် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ ထို့ကြောင့် ရေခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းအပါအဝင် ပြည်နယ်၊ တိုင်းများရှိ ရေခက်ခဲသော ကျေးရွာများအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ၁၀ နှစ် စီမံကိန်းဖြင့် အကောင်အထည်ဖော်နေသည်။

ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး ၁၀ နှစ် စီမံကိန်းကို ၂၀၀၀–၂၀၀၁ ခုနှစ် ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ရာ ၂၀၀၄–၂၀၀၅ခုနှစ် ဘဏ္ဍာရေးနှစ်ကုန်အထိ အပူပိုင်းဒေသရှိ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်း သုံးတိုင်းရှိ ကျေးရွာပေါင်း ၈၀၄၂ ရွာအနက် ၇၁၅၇ ရွာတွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကျေးလက်ဒေသရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့်အတူ ပြည်တွင်း ပြည်ပမှ အဖွဲ့အစည်းများ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများကပါ သဒ္ဓါတရားထက်သန်စွာဖြင့် အင်တိုက်အားတိုက် ပါဝင်လှူဒါန်းလျက်ရှိကြသည်။ ယင်းသို့ နိုင်ငံတော်နှင့်စေတနာရှင်များ၏ ပူးပေါင်းပါဝင်မှုဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဖော်ဆောင်လျက်ရှိရာ အပူပိုင်းဒေသရှိ မြို့နယ်ပေါင်း ၂၅ မြို့နယ်တွင် မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေ ရရှိကြပြီဖြစ်သည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဒသမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင်လ ၂၆ ရက်နေ့က ဗိုလ်တထောင်မြို့နယ်ရှိ စည်ပင်သာယာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ အလှူငွေများလက်ခံပြီး အမှာစကားပြောကြားသည်။

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် **အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သည့် စစ်ကိုင်းတိုင်းတွင် ခုနစ်မြို့နယ်၊ မကွေးတိုင်းတွင် ခုနစ်မြို့နယ်နှင့် မန္တလေးတိုင်းတွင် ၁၁ မြို့နယ် စုစုပေါင်း ၂၅ မြို့နယ်တွင် မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိရေးကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်သကဲ့သို့ မြို့နယ်လုံးကျွတ်မှသည် ခရိုင်လုံးကျွတ်၊ ခရိုင်လုံးကျွတ်မှတစ်ဆင့် တိုင်းလုံးကျွတ်အထိ အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ကြရန်** မှာကြားသွားသည်။

အပူပိုင်းဒေသ မိုးနည်းရပ်ဝန်းဒေသများတွင် နှစ်စဉ်မိုးရွာသွန်းမှု နည်းပါးသဖြင့် နွေကာလများ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အချိန်ကုန်လူပန်း နေ့စဉ်ကြုံတွေ့ခဲ့ကြရသည်။ ထို့အပြင် ရေရှားပါးမှုကြောင့် တစ်ကိုယ်ရေ သန့်ရှင်းရေး မဆောင်ရွက်နိုင်ကြဘဲ ဝမ်းကိုက်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ရေမသန့်ရှင်းမှုကြောင့် အခြားသော ရောဂါများပါ ဖြစ်ပွားတတ်ကြောင်း တွေ့ရသည်။

ယနေ့ကာလတွင် အပူပိုင်းဒေသရှိ တိုင်းသုံးတိုင်းမှ ကျေးရွာပေါင်း ၇၁၅၇ ရွာနှင့်အခြားရေခက်ခဲသော ပြည်နယ်/တိုင်းများမှ ကျေးရွာပေါင်း ၇၁၅၂ရွာတို့တွင် သန့်ရှင်းသောသောက်သုံးရေရရှိရေး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သည်။ နိုင်ငံတော်အစိုးရနှင့်စေတနာရှင်ပြည်သူများ၏ ပူးပေါင်းကူညီမှု အကျိုးရလဒ်ကို ရေခက်ခဲသော ကျေးရွာများမှ ပြည်သူများ လက်တွေ့ခံစားရရှိနေကြပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ အဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများက သဒ္ဓါထက်သန် လှူဒါန်းမှု စွမ်းအားဖြင့် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ရင်း မြို့နယ်လုံးကျွတ်ရေရရှိပြီးသော ကျေးရွာများ၌ ရေဖူလုံစွာရရှိသုံးစွဲနိုင်ရေး ဆက်လက်ကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒစ္စကာဗာရီ အာကာသယာဉ် အောင်မြင်စွာ လွှတ်တင်

ကိပ်ကာနီဗာ ဇူလိုင် ၂၇

အမေရိကန်နိုင်ငံ၏ ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်ကိုအင်္ဂါနေ့တွင် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်။ နာဆာအဖွဲ့၏ ကိုလံဘီယာအာကာသယာဉ် ပျက်ကျခဲ့ပြီးနောက် နှစ်နှစ်ခွဲအကြာတွင် ဒစ္စကာဗာရီကို အာကာသအတွင်း လွှတ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

ထိုလွန်းပြန်ယာဉ်ကို လွှတ်တင်ပြီး နောက်တစ်နာရီခွဲအကြာတွင် သတင်းစာရှင်းလင်းပွဲလုပ်ခဲ့သည်။ယခုလွှတ်တင်မှုသည် အောင်မြင်ပြီဟု မဆိုနိုင်သေးကြောင်း ၁၂ရက်ခရီးစဉ်အပြီး ဒစ္စကာဗာရီယာဉ် မြေပြင်သို့ ဆင်းသက်နိုင်ပြီးမှသာ အောင်မြင်သည်ဟု ပြောနိုင်မည်ဖြစ်ကြောင်း နာဆာက ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယပြည်နယ်အချို့တွင် ရေလွှမ်းမိုး၊ မြေပြို လူ ၃၅ဦး သေဆုံး၊ တစ်သိန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်

မွန်ဘိုင်း ဇူလိုင် ၂၇

အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂိုအာပြည်နယ် မာဂါအိုမြို့ ရခမ်မွန်ဒေသနှင့် နိုင်ငံ၏အရှေ့မြောက်ပိုင်း အာသန်ပြည်နယ်နှင့် ဒေသအချို့တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး၊ မြေပြိုမှုများဖြစ်ပွားသဖြင့် အနည်းဆုံး လူ ၃၅ဦး သေဆုံးကာ လူ ၂၀၀ခန့်မှာ မြေပြိုမှုအောက်တွင် ပိတ်မိနေပြီး လူ ၁၂၁၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ရကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

နှစ်ရက်ကြာအဆက်မပြတ် မိုးရွာသွန်းမှုကြောင့် ဥတာပရာဒေ့ရှ်ပြည်နယ်တွင်မြေပြိုပြီး၊မြေအောက်တွင် ရောက်သွားသော အဆောက်အအုံများအောက်မှ အလောင်းငါးလောင်းကို ရှာဖွေတွေ့ရှိကာ နှစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ဒုတိယရဲချုပ် မစ်ရှရာက ပြောကြားသည်။

အဆောက်အအုံများကြားတွင် ပိတ်မိနေသူ ၁၃ဦးစလုံးမှာ ဥတာပရာဒေ့ရှ်ပြည်နယ်မှဖြစ်ပြီး နောက်ထပ် အလောင်းလေးလောင်း သို့မဟုတ် ငါးလောင်းခန့်ကို ရှာဖွေတွေ့ရှိဦးမည်ဟု မျှော်လင့်ရကြောင်း မစ်ရှရာက ပြောကြားသည်။

အိန္ဒိယနိုင်ငံ အနောက်ပိုင်းတွင် နှစ်ရက်ကြာ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီးနောက် နေအိမ်များပြိုကျရာတွင် အနည်းဆုံး လူ ၂၀၀ခန့် ပိတ်မိနေကြောင်း ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မွန်ဘိုင်းမြို့ ရဲတပ်ဖွဲ့မှ ပြောကြားသည်။

ထို့အပြင် အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း အာသန်ပြည်နယ်တွင် ရေလွှမ်းပြီး မြေပြိုမှုကြောင့် အနည်းဆုံး လူ ၁၂ဦး အသက်ဆုံးရှုံးခဲ့ရကြောင်း တာဝန်ရှိသူများထံမှ ရရှိသောသတင်းအရ သိရှိရသည်။ ***အင်တာနက်။***

အီရတ် အရာရှိတစ်ဦးအား သတ်ဖြတ်မိကြောင်း အမေရိကန် တပ်ကြပ်တစ်ဦး ဝန်ခံပြောကြား

ဝါရှင်တန် ဇူလိုင် ၂၆

အမေရိကန်တပ်ဖွဲ့ဝင် လူငယ်တစ်ဦးက အီရတ်အရာရှိတစ်ဦးအား အီရတ်နိုင်ငံတွင် လွန်ခဲ့သည့် နှစ်နှစ်က သတ်ဖြတ်ခဲ့၍ အပြစ်ရှိကြောင်း တနင်္လာနေ့က ဝန်ခံပြောကြားပြီး မိမိကိုယ်မိမိ ထိခိုက်မှုရှိစေရန် ပြုလုပ်ခဲ့ခြင်းဖြင့် ယင်းကိစ္စအား ဖုံးဖိထားရန် ကြိုးပမ်းခဲ့ကြောင်း ပြောကြားခဲ့သည်။

ငင်းတပ်ဖွဲ့ဝင်သည် အင်ဒီယာနာ အမျိုးသား အစောင့်တပ်ဖွဲ့ဝင်ဖြစ်သူ ဒတ်စတင်ဘော့ဂ်ဖြစ်သည်။ အီရတ်လုံခြုံရေးအရာရှိဖြစ်သူ အယ်လ်–ဇူဘေဒီသည် ဒတ်စတင်ဘော့ဂ်တို့နှင့် ၂၀၀၃ ခုနှစ် နိုဝင်ဘာလက လှည့်ကင်းထွက်ရာတွင် အတူတကွ ရှိနေစဉ် သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ဒတ်စတင်ဘော့ဂ်က ကင်တပ်ကီပြည်နယ် ဖို့တ်နောက်စ် စစ်အခြေစိုက်စခန်းရှိ တရားရုံးတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

အသက် (၂၂)နှစ်ရှိ တပ်ကြပ် ဒတ်စတင်ဘော့ဂ်သည် ထောင်ဒဏ် ၁၈ လ ကျခံရန် ရင်ဆိုင်ကြုံတွေ့နေရပြီး နာမည်ပျက်ဖြင့် ကြည်းတပ်မှ ထုတ်ပယ်ခံရမည်ဖြစ်သည်။

ယင်းအမှုအား စောစောပိုင်းက စတင်စုံစမ်းစစ်ဆေးခဲ့စဉ် ဒတ်စတင်ဘော့ဂ်က ဇူဘေဒီအား မိမိကိုယ်မိမိ ကာကွယ်သည့်အနေဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့ပြီး ဇူဘေဒီက သေနတ်ဖြင့် ချိန်ပြီး ပြောက်ကျားလှုပ်ရှားမှုများကို အကြီးအကဲများထံ သတင်းမပို့ရန် သတိပေးခဲ့သည်ဟု ပြောကြားသည်။

ဒတ်စတင်ဘော့ဂ်က ယင်းအချိန်တွင် ဇူဘေဒီ သေဆုံးမှုက ငင်း၏ဘဝတွင် ခြိမ်းခြောက်မှုအန္တရာယ်အဖြစ် ရှိနေပြီး မကောင်းမှုမှန်သမျှ မလုပ်ခဲ့ကြောင်း မေလအတွင်းက ကြားနာမှုတစ်ခုတွင် ငင်းက ပြောကြားခဲ့သည်။

အဆိုပါ အီရတ်အရာရှိအား သတ်ဖြတ်ခဲ့ပြီးနောက် အမှုကို ဖုံးဖိရန်အတွက် ကြိုးပမ်းသည့်အနေဖြင့် သေဆုံးသူ ဇူဘေဒီ၏ သေနတ်ဖြင့် ကိုယ့်ကိုယ်ကို ပစ်ခတ်ခဲ့သည်ဟု ဘော့ဂ်က ဝန်ခံပြောကြားခဲ့သည်။

ယင်းနောက် ငင်းအား ဆေးရုံသို့ ပို့ခဲ့ပြီး စစ်ဘက်က အီရတ်နိုင်ငံတွင် စွန့်စားလုပ်ခဲ့သမျှကြောင့် ဆုတံဆိပ် အပ်နှင်းခဲ့သည်။ အစိုးရ ရှေ့နေများက ဘော့ဂ်၏ အစစ်ခံချက်များတွင် ချို့ယွင်းအားနည်းမှုများရှိသည်ဟုဆိုကာ စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်နေပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။



အမေရိကန်တစ်ဝန်း အပူလှိုင်းကျရောက် လူဒါဇင်ပေါင်းများစွာ သေဆုံး

ဝါရှင်တန် ဇူလိုင် ၂၇

ပြင်းထန်သည့်အပူလှိုင်းတစ်ခုသည် အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်းနှင့် အရှေ့ပိုင်းကမ်းရိုးတန်းတစ်လျှောက်ကို လွန်ခဲ့သည့် ရက်သတ္တပတ်က ရိုက်ခတ်ခဲ့ရာ အပူချိန် ထူးထူးခြားခြား မြင့်တက်ခဲ့ပြီး လူဒါဇင်ပေါင်းများစွာ သေဆုံးရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိခဲ့သည်။ မြို့ပေါင်း ၂၀၀နီးပါးတွင် အပူလှိုင်းဒဏ်ခံစားခဲ့ရသည်။ လတ်စ်ဗီးဂတ်စ်မြို့တွင် အပူချိန် ၄၇ဒီဂရီ ဆဲလ်စီးယပ်နှင့် ဒက်သ်ဗဲလီးဒေသတွင် ၅၃ဒီဂရီ ဆဲလ်စီးယပ်ရှိခဲ့သည်။

အပူလှိုင်း ရိုက်ခတ်ခဲ့သဖြင့် အရီဇိုနာနှင့်ဖီးနစ်မြို့တွင် လူ ၂၄ဦး သေဆုံးခဲ့သည်။ မီဇူရီ၊ အိုကလာဟိုးမားနှင့် နယူးဂျာစီတို့တွင် လူ ၁၂ဦးထက်မနည်း အသက်ဆုံးရှုံးခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈–၇–၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၉။ **အဝေးသင်တက္ကသိုလ်ပညာရေးပို့ချမှု အစီအစဉ် –ပါဠိစာပေ(ဂါထာ)လေ့လာချက် (တတိယနှစ်–အရှေ့တိုင်းပညာ)**
- ၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၆။ **ကာတွန်းအစီအစဉ် "ရောင်လင်လူစွမ်းကောင်းလေး" (အပိုင်း–၁၇)**
- ၆:၅၀ ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ မြဝတီရဲ့မြဝတီ
- ၂၁။ **အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ – ဇနကစွဲဖြင့်အောင်ပွဲဆီသို့ ခြိုးခြံနေထိုင်ကြိုးစားသည်။**
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကန္တာတောခြေ" (အပိုင်း–၁၄)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

ဘဂ္ဂဒက်မြို့တော်ရဲဌာနချုပ် ဗုံးပေါက်ကွဲမှုဖြစ်

ဘဂ္ဂဒက် ဇူလိုင် ၂၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်း အယ်လ်ကင်ဒီလမ်းမှ ရဲလက်ရွေးစင် တိုက်ခိုက်ရေး တပ်ဖွဲ့ဝင်များ၏ ဌာနချုပ်အပြင်ဘက်ရှိ စစ်ဆေးရေးဂိတ်တစ်ခုတွင် ဗုံးဖောက်ခွဲသူတစ်ဦးက တနင်္လာနေ့တွင် ဗုံးဖောက်ခွဲရာ တိုက်ခိုက်ရေးတပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးပြီး အခြားလူ ၁၁ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းဖြင့် ရဲတပ်ဖွဲ့က ပြောကြားသည်။ ***အင်တာနက်။***

ပြည်ပအားကိုး ပုဆိန်ရိုးတစ်စု နိုင်ငံတကာရဲ့အထောက်အပံ့များကို နည်းမျိုးစုံနှင့်ရယူ ၎င်းတို့အာဏာရရှိရေး နိုင်ငံရေးကိုခုတုံးလုပ် တိုင်းပြည်နှင့်ပြည်သူ ဆင်းရဲဒုက္ခရောက်အောင် တွန်းပို့နေ

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ယနေ့ကျင်းပသော “ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး” လူထုအစည်း အဝေးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကိုယ်စားလှယ် ဒေါ်သူဇာလင်း၏ “ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး”နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျွန်မအနေနဲ့ ယခုကျင်းပပြုလုပ်တဲ့ လူထုအစည်းအဝေးကြီးမှာ **“ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး”**ကို ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။

သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ လူထုပရိသတ်များရှင်-

ယခုအချိန်ဟာ ကျွန်မတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေဖို့၊ နိုင်ငံတကာအလယ်မှာ လွတ်လပ်ပြီး အချုပ်အခြာ အာဏာပိုင်တဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်စေဖို့အတွက် တစ်မျိုးသားလုံးက စုစည်းညီညွတ်တဲ့ စွမ်းပကားနဲ့ တက်ညီလက်ညီ လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်နေတဲ့ အချိန်အခါ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရဟာ နိုင်ငံတော်ရဲ့ ပန်းတိုင်ဖြစ်တဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် ဘက်စုံထောင့်စုံ ကဏ္ဍစုံမှာ နေ့မအား ညမနား အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ စုစည်းထက်မြက်တဲ့ အမျိုးသားရေးစွမ်းအားစုများအဖြစ် ဖွဲ့စည်းထူထောင်ထားတဲ့ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ နိုင်ငံတော် အစိုးရရဲ့ စေတနာမှန်ကို နားလည်ကြတဲ့ ပြည်သူများက အမျိုးသားရေးမူဝါဒများနှင့်အညီ နိုင်ငံတော်၏ ဦးတည်ချက်များ အောင်မြင်ရေးကို ပူးပေါင်းပါဝင် အကောင်အထည် ဖော်လျက်ရှိနေကြပါတယ်။

တစ်ချိန်တည်းမှာ ပြည်တွင်းပြည်ပရှိ အဆိုးမြင်ဝါဒီဆန့်ကျင်သူတချို့က အစိုးရအကျပ်အတည်းဖြစ်စေဖို့ ရည်ရွယ်ပြီး မမှန်မကန် သတင်းများနဲ့ လုပ်ကြံဖန်တီးမှု အမျိုးမျိုး ပူးပေါင်းဆောင်ရွက်လျက် ရှိနေကြပါတယ်။ မြန်မာနိုင်ငံအပေါ် ဩဇာလွှမ်းမိုးခြယ်လှယ်လိုတဲ့ နိုင်ငံကြီးအချို့ဟာ ခေါင်းစဉ်အမျိုးမျိုးတပ်ပြီး ဘက်ပေါင်းစုံက အကျပ်ကိုင်လျက်ရှိကြပါတယ်။

သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များရှင်-

မြန်မာနိုင်ငံရဲ့ လက်တွေ့နယ်ပယ်မှာ ပြည်ပအားကိုး ပုဆိန်ရိုးတစ်စုဟာ နိုင်ငံတကာရဲ့ အထောက်အပံ့များကို နည်းမျိုးစုံနှင့်ရယူပြီး ၎င်းတို့အာဏာရရှိရေးအတွက် နိုင်ငံရေးကို ခုတုံးလုပ်နေကြပါတယ်။ တိုင်းပြည်နှင့် ပြည်သူတစ်ရပ်လုံးကို ဆင်းရဲဒုက္ခရောက်အောင် တွန်းပို့နေကြပါတယ်။

- **မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှု လုပ်ဖို့နှင့် ရင်းနှီးမြှုပ်နှံမှုမပြုဖို့.**
- **အကူအညီအထောက်အပံ့တွေမပေးဖို့.**
- **မြန်မာနိုင်ငံကို ကမ္ဘာလှည့်ခရီးသည်တွေ မလာဖို့.**

“ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး” နှင့် ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ကိုယ်စားလှယ် ဒေါ်သူဇာလင်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

တို့ကို သူတို့အားကိုးနေတဲ့ နိုင်ငံတွေကို တိုက်တွန်းတောင်းဆိုနေပါတယ်။ ဒါတင်မကသေးဘဲ

- **ကုလသမဂ္ဂအဖွဲ့အစည်းမှ ထုတ်ပယ်ပစ်ဖို့.**
- **အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့မှ ထုတ်ပယ်ပစ်ဖို့.**
- **အာဆီယံဝင်ခွင့်မပြုဖို့.**

တို့ကိုလည်း တိုက်တွန်းခဲ့ပြီး အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်ကို ပြောင်ပြောင်တင်းတင်း ဆောင်ရွက်ခဲ့ကြပါတယ်။ ယခုအထိလည်း အဲဒီမူဝါဒကို လက်ကိုင်ထားပြီး ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။

အဲဒီလို ပြည်ပဩဇာခံတွေ လက်ကိုင်ထားပြီး ဆောင်ရွက်နေတဲ့ အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်ကြောင့် မြန်မာနိုင်ငံအပေါ် အင်အားကြီးနိုင်ငံတချို့က စီးပွားရေးအရပိတ်ဆို့ဖိအားပေးမှုတွေ၊ ပြည်ပအကူအညီများ ကန့်သတ်ပိတ်ဆို့မှုတွေ၊ ငွေကြေးထောက်ပံ့မှုနှင့် နိုင်ငံတကာ ချေးငွေပိတ်ဆို့မှုတွေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိတ်ဆို့မှုတွေ၊ ကမ္ဘာလှည့်ခရီးသည်များနှင့် ဟိုတယ်လုပ်ငန်းများမှာ ဝင်ရောက်ပိတ်ဆို့တားမြစ်မှုတွေ ပြုလုပ်ခဲ့တဲ့အတွက် စက်ရုံအလုပ်ရုံအချို့ပိတ်ခဲ့ရပြီး လုပ်သားများ အလုပ်လက်မဲ့ဘဝရောက်ရှိခဲ့ကြရပါတယ်။ အလုပ်လက်မဲ့ဘဝနှင့် တစ်ဆက်တည်း ဖြစ်ပေါ်လာတဲ့ လူမှုဒုက္ခများကိုလည်း ခံစားခဲ့ကြရပါတယ်။ ဒီလုပ်ရပ်ဟာ လူ့အခွင့်အရေးကို ဆိုးဆိုးရွားရွား ချိုးဖောက်တာပဲဖြစ်ပါတယ်။

အဲဒီလို မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားနှောင့်ယှက် ပိတ်ပင်နေသူတွေ၊ လူ့အခွင့်အရေးကို အမှန်တကယ် ချိုးဖောက်နေသူတွေကပဲ မြန်မာနိုင်ငံအတွင်းမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေရှိနေတယ်လို့ သူခိုးကလူဟာစ် စွပ်စွဲ ပြောဆိုနေကြပါတယ်။

သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များရှင်-

မြန်မာနိုင်ငံအပေါ်မှာ အဆိုးမြင်ဝါဒနဲ့ တစ်ဖက်သတ် စွပ်စွဲနေမှုများရှိသလို မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ပင်မှုဟာ မတရားကြောင်း၊ မသင့်တော်ကြောင်းကို ဝေဖန်ထောက်ပြတဲ့ စိတ်ကောင်းရှိသူအချို့လည်း အနောက်ကမ္ဘာမှာ များစွာရှိပါတယ်။ သာဓကအချို့ပြောရရင် အမေရိကန်မှာကြောင်း၊ မြန်မာအပေါ်သဘောထားပြောင်းဖို့၊ ပူးပေါင်းဆောင်ရွက်ဖို့၊ ရင်းနှီးမြှုပ်နှံဖို့အထိ တိုက်တွန်းတဲ့ အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဟောင်း လွိုက်ဘင်ဆင်၊ United Technologies Coporation ရဲ့ အမှုဆောင်အရာရှိချုပ် အမေရိကန် အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ ဂျော့ဒေးဗစ် တို့ရှိခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံအပေါ် အမေရိကန် အစိုးရရဲ့ သဘောထားနဲ့လုပ်ရပ်ဟာ ဆင်ခြင်တုံတရားကင်းမဲ့ပြီး တစ်ဖက်သတ်ယုံစားမှုကြီးလွန်းတယ်၊ အမေရိကန်ရဲ့ စီးပွားရေးပိတ်ဆို့လိုက်တာဟာ မိုက်မဲရာကျတယ်လို့ နိုင်ငံရေးပညာရှင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်နရီကစ်ဆင်းဂျားတို့၊ အလက်ဇန္ဒာဟိဂ်တို့က ပြောင်ပြောခဲ့ဖူးပါတယ်။ မြန်မာနိုင်ငံကတော့ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ဘဲ ကိုယ့်ပြည်တွင်းအားကို ကိုးစားပြီး နိုင်ငံနဲ့ပြည်သူအကျိုးကို မျက်ခြည်ပြတ်မခံဘဲသတ္တိရှိရှိ၊ ဖွဲလုံ့လရှိရှိ ဆက်လုပ်နေပါတယ်။ ဖိအားပေးနေတဲ့ ပြည်ပနိုင်ငံတချို့ဟာ မြန်မာနိုင်ငံအပေါ် မတရားဆက်ဆံပြုမူနေတာတွေဟာတရားတော်အရပြောရရင် ဝဋ်ကောင်းကောင်းလည်တတ်ပါတယ်၊ သူတို့ဝဋ်မလည်ပါစေနဲ့လို့ ဆုတောင်းပေးလိုက်ပါတယ်။

သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များရှင်-

ကျွန်မတို့မြန်မာနိုင်ငံကို ပြည်တွင်းပြည်ပ အဖျက်သမားများက စည်းဝါးရိုက်ပြီး ပြည်ထောင်စုကြီးပြိုကွဲအောင် နည်းမျိုးစုံနဲ့ သွေးထိုးကြိုးပမ်းနေကြတာတွေ၊ လူ့အခွင့်အရေး ဒီမိုကရေစီအရေးတို့ကို အကြောင်းပြပြီး အခြားနိုင်ငံများရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နေတာတွေ၊ ဒီမိုကရေစီကို ၎င်းတို့အလိုကျ ရုပ်လုံးပေါ်အောင် ဖန်တီးအကျပ်ကိုင်နေတာတွေ၊ ၎င်းတို့အလိုကျ ကြိုးကိုင်လှုပ်ရှားနိုင်တဲ့ ရုပ်သေးအစိုးရအာဏာရရှိရေးလုပ်ရပ်ဆိုးများကို နည်းမျိုးစုံဖြင့် ဆောင်ရွက်နေတာတွေ၊ အပြစ်မဲ့ပြည်သူများကို ထိခိုက်နစ်နာအောင် အကြောင်းမဲ့သတ်မှတ်တဲ့ ပိတ်ပင်တားဆီးမှုတွေကသာ အမှန်တကယ် လူ့အခွင့်အရေး ချိုးဖောက်မှုတွေဖြစ်ပြီး အဲ့ဒီလိုဖြစ်အောင်ဖန်တီးဆောင်ရွက်နေသူတွေကသာ လူ့အခွင့်အရေး ကျူးလွန်ဖောက်ဖျက်နေသူတွေဖြစ်ပါကြောင်းနဲ့ တစ်မျိုးသားလုံးရဲ့ အန္တရာယ်အစစ်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ရှင်။

သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များရှင်-

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေကြတဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် မမိုတ်မသုန် အားကြိုးမာန်တက် ကြိုးပမ်းကြဖို့လိုပါတယ်။ ဒီမွန်မြတ်တဲ့ ရည်ရွယ်ချက်ကို အဘက်ဘက်က နှောင့်ယှက်ဟန့်တားနေကြတဲ့ ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်တားဆီးချေမှုန်းသွားကြဖို့ လိုအပ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ (သတင်းစဉ်)

မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုဟန့်တားနှောင့်ယှက် ပိတ်ပင်နေသူတွေ၊ လူ့အခွင့်အရေးကို အမှန်တကယ် ချိုးဖောက်နေသူတွေကပဲ မြန်မာနိုင်ငံ အတွင်းမှာ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ရှိနေတယ်လို့ သူခိုးက လူဟာစ် စွပ်စွဲပြောဆိုနေ။

အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ Tech Digest ဂျာနယ်ထုတ်ဝေမည်

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် e-Empire Media Group တို့ ပူးပေါင်းစီစဉ်ထုတ်ဝေမည့် အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ အပတ်စဉ်ထုတ်ဂျာနယ် Tech Digest နှင့် စပ်လျဉ်း၍ မိတ်ဆက်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးသန်းမြင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၂၇

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် e-Empire Media Group တို့ ပူးပေါင်းစီစဉ် ထုတ်ဝေမည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံးဖြစ်သည့် အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ အပတ်စဉ်ထုတ်ဂျာနယ် Tech Digest နှင့်စပ်လျဉ်း၍ မိတ်ဆက်ပွဲ အခမ်းအနားကို ဇူလိုင် ၂၄ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းရှိ သစ်တောဖက်စပ် စီးပွားရေးဗဟိုဌာနအဆောက်အအုံ (FJVCC)၏ Level 10 စားသောက်ဆိုင်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ Tech Digest ဂျာနယ်နှင့် e-Empire Media Groupတို့မှ တာဝန်ရှိသူများ၊ ပုဂ္ဂလိက စာနယ်ဇင်းများမှ ထုတ်ဝေသူများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတွဲဖက်အထွေထွေအတွင်းရေးမှူး Tech Digest ဂျာနယ် အုပ်ချုပ်မှုအယ်ဒီတာ (Managing Editor)ဦးကိုကိုက Tech Digest ဂျာနယ်ထုတ်ဝေရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စာနယ်ဇင်းများမှ တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် Tech Digest ဂျာနယ်တို့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယင်းဂျာနယ်တွင် နိုင်ငံတကာနှင့် ပြည်တွင်း အင်ဂျင်နီယာနှင့် နည်းပညာသတင်း၊ သတင်းဆောင်းပါးများ၊ နည်းပညာသစ်များ၊ နည်းပညာသစ် ထုတ်ကုန်များ၊ နည်းပညာဆိုင်ရာ စာတမ်းများ၊ အမေးအဖြေများ စသည်ဖြင့် ကဏ္ဍစုံလင်စွာ ထည့်သွင်းဖော်ပြထားသည်။

ထို့အပြင် အင်ဂျင်နီယာများနှင့် နည်းပညာရှင်များအတွက် သာမက ယင်းပညာရပ်များကို စိတ်ပါဝင်စားကြသူများ၊ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများနှင့် အဆင့်မြင့်ပညာ ကျောင်းသား၊ ကျောင်းသူများပါ ဖတ်ရှုလေ့လာနိုင်စေရန် ရည်ရွယ်တည်းဖြတ်ထုတ်ဝေ ထားခြင်းဖြစ်သည်။

Tech Digest ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း e-Empire Media Group ဖုန်း-၅၄၈၈၈၀ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိမည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေဖို့ တပ်မတော်အစိုးရက ဦးဆောင်ပြီး မနားမနေ ကြိုးပမ်းဆောင်ရွက်လာခဲ့တာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းတွေရရှိ

✪ ခေါင်းစဉ်အမျိုးမျိုးနဲ့မှ

သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ လူထုပရိသတ်များခင်ဗျား–

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများနဲ့ စည်းစည်းလုံးလုံး ညီညွတ်စွာ ဖွဲ့စည်းနေထိုင်လျက်ရှိတဲ့ အချုပ်အခြာအာဏာပိုင် လွတ်လပ်တဲ့ နိုင်ငံဖြစ်ပါတယ်၊ သမိုင်းအစဉ်အလာအရ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးဟာ တပ်မတော်နဲ့လက်တွဲပြီး မိမိနိုင်ငံတော်ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရန် အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြပါတယ်၊ ဒီလိုဆောင်ရွက်ကြရာမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအနေနဲ့ အရန်အင်အားတစ်ရပ်အဖြစ် ကျရာအခန်းကဏ္ဍက အမျိုးသားရေးတာဝန်အဖြစ် ပါဝင်ထမ်းဆောင်လျက်ရှိကြပါတယ်။

ယနေ့ နိုင်ငံတော်ရဲ့ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဟာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးဖြစ်ပါတယ်၊ ဒီရည်မှန်းချက် ပြည့်ဝအောင်မြင်ဖို့ ဒို့တာဝန်အရေး (၃)ပါး၊ ဦးတည်ချက် (၁၂)ရပ် ချမှတ်လုပ်ဆောင်နေပါတယ်၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ပြီးလည်း ဆောင်ရွက်လျက်ရှိနေပါတယ်။ နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေဖို့ တပ်မတော်အစိုးရက ဦးဆောင်ပြီး ၁၆နှစ်တာကာလမှာ မနားမနေကြိုးပမ်းအားထုတ် ဆောင်ရွက်လာခဲ့တာ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းတွေရရှိနေတာ အထင်အရှားပဲဖြစ်ပါတယ်၊ ကျွန်တော်တို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များဟာလည်း အခြားလူမှုရေးအသင်းအဖွဲ့များနှင့်အတူ နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ကျရာအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်နေကြပါတယ်။

ဒီလိုနိုင်ငံအတွင်းမှာ တပ်မတော်ရဲ့ဦးဆောင်မှုနဲ့အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာအောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လုပ်ကိုင် ဆောင်ရွက်နေကြတာကို မနာလိုမရှုဆိတ်တဲ့ ပြည်တွင်း၊ ပြည်ပရှိ ပြည်ပြေးအဖျက်သမားအုပ်စုတို့ဟာ နိုင်ငံတော်အစိုးရကို ဆန့်ကျင်လျက်ရှိတဲ့ အဖျက်အင်အားစုအချို့နဲ့ပူးပေါင်းပြီး လူ့အခွင့်အရေးများချိုးဖောက်နေသယောင်၊ မတရားသဖြင့် အဓမ္မခိုင်းစေမှုများ တိုးတက်ကျင့်သုံးဆောင်ရွက်နေသယောင် စွပ်စွဲချက်အမျိုးမျိုးဖြင့် ဝေဖန်ပုတ်ခတ်နေကြပါတယ်။

ဒီလုပ်ရပ်တွေဟာ မှန်ကန်မှုတမှုမရှိဘဲ တစ်ဖက်စောင်းနင်း ဝေဖန်တိုက်ခိုက်ခြင်း၊ နိုင်ငံတော်အစိုးရကို ဂုဏ်သိက္ခာ ထိခိုက်စေခြင်းဖြစ်တဲ့အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက လုံးဝလက်မခံနိုင်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ လူထုပရိသတ်များခင်ဗျား–

အဲဒီကိစ္စနဲ့ပတ်သက်ပြီး အလျဉ်းသင့်လို့ပြောရရင် အိုင်အယ်လ်အို (ခ) အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" နှင့် ပတ်သက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ် ဦးသက်နိုင်ဦး ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အဖွဲ့က မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုကို ပြန်လည်အသက်သွင်းဖို့ မတရားဆုံးဖြတ်ခဲ့တဲ့ကိစ္စနဲ့ ပတ်သက်လို့ တင်ပြလိုပါတယ်။

ကျွန်တော်တို့ မြန်မာတိုင်းရင်းသားများဟာ မိဘ၊ ဆရာသမားများရဲ့ အဆုံးအမနဲ့ အများအကျိုးဖြစ်တဲ့ ပရဟိတလုပ်ငန်းဆောင်ရွက်ရင်း ယခုမျက်မှောက်ဘဝသာမက နောင်သံသရာဘဝများမှာလည်း ကောင်းကျိုးချမ်းသာ ရရှိမယ်လို့ ယုံကြည်ခံယူထားကြပါတယ်၊ ဒါ့ကြောင့် ရပ်ရေး၊ ရွာရေး၊ လူမှုရေးကိစ္စတွေမှာ စေတနာသဒ္ဓါတရားအလျောက် စုပေါင်းဆောင်ရွက်နေကြတာ၊ လုပ်အားဒါန ပေးလှူနေကြတာ အများအသိပဲဖြစ်ပါတယ်၊ ဒီလိုလုပ်ဆောင်ခဲ့ကြလို့လည်း နိုင်ငံအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာ အောင်မြင်မှုတွေဖြစ်ပေါ်နေပြီး ဒေသဖွံ့ဖြိုးမှုရဲ့ အသီးအပွင့်ရလဒ်များကို ဒေသခံပြည်သူများကိုယ်တိုင် ရရှိခံစားနေကြရပြီဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ အကျိုးကိုဆန့်ကျင်ပြီး အစိုးရရဲ့လုပ်ရပ်များအပေါ် အကောင်းမမြင်နိုင်တဲ့ အဖျက်အင်အားစုအချို့ရဲ့ သွေးထိုးလှုံ့ဆော်မှုနဲ့ ၎င်းတို့ရဲ့လက်ဝေခံများက အခုလိုဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ဝမ်းမသာနိုင်ဘဲ အဓမ္မအလုပ်ခိုင်းစေမှုများ ကျူးလွန်နေတယ်လို့ လုပ်ကြံလီဆယ်တိုင်ကြားမှုတွေ ပြုလုပ်နေကြပါတယ်။ မြန်မာတိုင်းရင်းသားတို့ရဲ့ ဓလေ့ထုံးစံများနဲ့ စိတ်နေသဘောထားများကို ဂဃနဏမသိတဲ့ အနောက်အုပ်စုနိုင်ငံကြီးအချို့ကလည်း အပြုသဘောမဆောင်တဲ့ အမြင်များနဲ့ အဓမ္မခိုင်းစေမှု ပပျောက်ရေးမှာ နိုင်ငံတော်အစိုးရရဲ့ လုပ်ဆောင်မှုများကို မျက်ကွယ်ပြုပြီး တစ်ဖက်သတ် ဝေဖန်စွပ်စွဲပြောဆိုလျက်ရှိကြပါတယ်။

နောက်တစ်ချက်ကလည်း အမေရိကန်အခြေစိုက် ကောင်ဆဲလ်အော့ဖ်ဖော်လ်ရိန်းရီလေးရှင်း အဖွဲ့ဆိုတာက အခြေအမြစ်လုံးဝမရှိတဲ့ စွပ်စွဲချက်တစ်ခုကို ပြောဆိုနေပါတယ်။ အဲဒါကတော့ အာရှတိုက်မှာ အိပ်ချ်အိုင်ဗွီပိုးကူးစက်ပြန့်ပွားတဲ့ လမ်းကြောင်းလေးခုစလုံး မြန်မာနိုင်ငံက လာတယ်ဆိုတဲ့ အလွန်မှားယွင်းနေတဲ့ အချက်ပဲဖြစ်ပါတယ်။ ဒါဟာ သက်သက် အသရေဖျက်လိုတဲ့သဘောနဲ့ စွပ်စွဲတာဖြစ်တယ်။

ဒီစွပ်စွဲချက်နဲ့ ပတ်သက်လို့ ကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO နဲ့ ကုလသမဂ္ဂ အေအိုင်ဒီအက်စ်အစီအစဉ် (UN AIDS) တို့က HIV/AIDS ရောဂါဟာ မြန်မာနိုင်ငံမှ စခြင်းမဟုတ်ကြောင်း ပူးတွဲထုတ်ပြန်ကြေညာချက် ပြုလုပ်ခဲ့ပါတယ်။

အဖျက်သမားများဟာ မြန်မာနိုင်ငံအပေါ် ဘယ်လောက် နိုင်ငံရေးတိုက်ကွက်ဆင်နေတယ်ဆိုတာ ဒီအချက်က ပေါ်လွင်နေပါတယ်။ မြန်မာနိုင်ငံပေါ်မှာ ပြည်တွင်းပြည်ပ အဖျက်သမားများက အန္တရာယ်အမျိုးမျိုးပေးနေကြပါတယ်။ အကူအညီအထောက်အပံ့၊ နိုင်ငံတကာချေးငွေများ မပေးအောင်လည်း တားဆီးနေကြပါတယ်။

သဘာပတိကြီးခင်ဗျား–

အဲဒီလိုအခြေအနေမျိုးမှာ စိတ်ထားကောင်းမွန်တဲ့ မြန်မာအိမ်နီးချင်းနိုင်ငံများ၊ အခြား မိတ်ဆွေနိုင်ငံများကတော့ စေတနာဖြင့် ကူညီမြဲကူညီနေကြပါတယ်။

အထူးသဖြင့် ကမ္ဘာ့ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများဖြစ်ကြတဲ့ UNDP, UNICEF, WHO လို အဖွဲ့အစည်းများဟာ ကျန်းမာရေး၊ ပညာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေအတွက် အဆက်မပြတ်ထောက်ပံ့ကူညီနေတာကို ကျွန်တော်တို့အားလုံး ကျေးဇူးတင်ကြိုဆိုလျက်ရှိပါတယ်။

ဒီလိုအကူအညီတွေကြောင့် နိုင်ငံတော်အစိုးရရဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ကြီး (၅)ရပ်ကို အထောက်အကူပြုနေသည့်အတွက် လူထုအကျိုးပြု အကူအညီများဖြစ်ကြောင်း ဂုဏ်ယူပြောကြားအပ်ပါတယ်။

နိုင်ငံတော်အစိုးရရဲ့ ဂုဏ်သိက္ခာကျဆင်းစေဖို့၊ အစိုးရယန္တရားပျက်ပြားစေဖို့ ဖိအားပေးကြိုးပမ်းရာမှာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ဆိုတဲ့ နိုင်ငံတကာဖာတ်ခုံတစ်ခုကိုလည်း ရွေးချယ်အသုံးပြုလာခဲ့ကြတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ ပရိသတ်များခင်ဗျား–

ယခုအခါ ပြည်ပသြဇာခံ အမျိုးသားသစ္စာဖောက်များရဲ့ ပြည်ထောင်စုပြိုကွဲရေးလုပ်ရပ်တွေ၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်စီးစေပြီး အကြမ်းဖက်တိုက်ခိုက်မှုတွေ ပြုလုပ်လာတာကိုလည်း တွေ့ရှိနေရပါတယ်။ ပြည်ပသြဇာခံ FTUB ဆိုသည့် မျက်နှာဖုံးစွပ်အရေခြုံထားတဲ့ မြန်မာနိုင်ငံရဲ့ အကျင့်ပျက်တရားခံပြေးတို့ဟာ ILO အဖွဲ့ကို ခုတုံးလုပ်ပြီး နိုင်ငံရေးထိုးနှက်ချက်တွေ ပြုလုပ်ခဲ့ပါတယ်။ အနောက်အင်အားကြီးနိုင်ငံအချို့က မြန်မာနိုင်ငံမှာ သူတို့လိုလားတဲ့ ရုပ်သေးအစိုးရတင်နိုင်ရေးအတွက် တပ်မတော်အစိုးရကို ဖိအားပေးအကျပ်ကိုင်နိုင်အောင် ILO ကို နိုင်ငံရေးစင်မြင့်အဖြစ် လက်ငင်းအသုံးချနေပါတယ်။ ရှက်ဆစ် ခေါင်းဆောင်တဲ့ SSA အကြမ်းဖက်အဖွဲ့ကလည်း ရှမ်းပြည်လွတ်မြောက်ရေးဆိုတဲ့ မျက်နှာဖုံးစွပ်ပြီး နောက်ကွယ်မှာ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချပြီး ကိုယ်ကျိုးရှာနေပါတယ်။

အလားတူပဲ ပြစ်မှုအမျိုးမျိုးနဲ့ ပြည်ပကို ထွက်ပြေးတိမ်းရှောင်နေတဲ့ တရားခံဝရမ်းပြေးတွေ ခေါင်းဆောင်ပြီး ခေါင်းစဉ်အမျိုးမျိုးနဲ့ အမည်ခံဖွဲ့စည်းထားတဲ့ NCUB, NCGUB, KNPP, NLD(LA), ABSDF စတဲ့ ပြည်ပသြဇာခံ အမျိုးသားသစ္စာဖောက်အဖွဲ့များဟာ နိုင်ငံတကာမျက်နှာစာမှာ ဒီမိုကရေစီ တိုက်ပွဲဝင်နေသူများအဖြစ် ဟန်ဆောင်ဖုံးကွယ်ထားပြီး လက်တွေ့အနေဖြင့် ထောက်ပံ့ငွေများ၊ ရန်ပုံငွေများတောင်းခံရယူသုံးစွဲလျက် ကိုယ်ကျိုးရှာနေကြပါတယ်။ နိုင်ငံတကာကို လှည့်ဖြားဆောင်ရွက်နေသလို မြန်မာနိုင်ငံမှာလည်း ပြည်သူတစ်ရပ်လုံးအပေါ် အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးအောင်၊ နိုင်ငံတော်အေးချမ်းတည်ငြိမ်မှု ပျက်ပြားအောင် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်နေကြပါတယ်။ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများကို ဦးဆောင်နေကြပါတယ်။ မကြာသေးခင်ကပဲ ရန်ကုန်မြို့ မြို့လယ်ကောင် လူစည်ကားရာနေရာတွေမှာ လူသားချင်းညှာတာမှုကင်းမဲ့စွာ ဗုံးဖောက်ခွဲဖျက်ဆီးခဲ့လို့ သေကျေပျက်စီးမှုတွေ၊ ထိခိုက်ဒဏ်ရာရမှုတွေ ဖြစ်ပွားခဲ့ရပါတယ်။

အကြမ်းဖက်သမားတွေနဲ့ ပြည်တွင်းက သစ္စာဖောက်တွေ ဘယ်လိုဆက်စပ်နေသလဲဆိုတာကို ဖော်ပြရမယ်ဆိုရင် မီးစာကုန်ဆီခန်းနေတဲ့ ဗကပတွေရဲ့ လူထုတိုက်ပွဲစီမံချက်မှာ တိုက်ပွဲအင်အားစုအဖြစ် ပြင်ပအမာခံကျောရိုးအနေနဲ့ NCGUB, NCUB, နဲ့ အခြားအဖွဲ့တွေကို စုစည်းပြီး ပြည်တွင်းမှပါတီတစ်ခုနဲ့ ပြည်တွင်းနိုင်ငံရေးအင်အားစုများက မဟာဗျူဟာဆက်စပ်ဆောင်ရွက်ပြီး လူထုတိုက်ပွဲများဆင်နွှဲကာ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေးအတွက် ရည်မှန်းချက်ထားဆောင်ရွက်ဖို့ ပြင်ဆင်နေတာဟာ တိုင်းပြည်တိုးတက်ဖို့မဟုတ်ဘဲ တိုင်းပြည်ဖျက်ဆီးဖို့ ပြင်ဆင်နေတာဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

ဒါ့ကြောင့် နိုင်ငံတော်မှာ အမျိုးသားရေးပန်းတိုင်ဖြစ်တဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးပေါ်ထွန်းလာအောင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ တစ်စိတ်တည်းတစ်ဝမ်းတည်း လက်တွဲပြီး ခိုင်ခိုင်မြဲမြဲ ပူးပေါင်းဆောင်ရွက်နေလို့ ရလဒ်ကောင်းများ ပေါ်ထွန်းလာချိန်မှာ ပြည်တွင်းပြည်ပမှာရှိတဲ့ အမျိုးသားရေးသစ္စာဖောက်များ၊ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူများရဲ့အကျိုးစီးပွားကို ဖျက်ဆီးနေသူများ၊ ဟန့်တားပိတ်ဆို့နေသူများကို ကျွန်တော်တို့အားလုံးက ဘုံရန်သူအဖြစ် သတ်မှတ်ပြီး အမျိုးသားရေးသစ္စာဖောက်များနှင့် ပုဆိန်ရိုးများကို ပြတ်ပြတ်သားသား ဆန့်ကျင်ချေမှုန်းသွားကြဖို့ လိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

သဘာပတိကြီးခင်ဗျား–

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ကျွန်တော်တို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအနေနဲ့ အမျိုးသားအကျိုးစီးပွားကို ရှေးရှုပြီး ပြည်ထောင်စုကို ချစ်မြတ်နိုးတဲ့ စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ နိုင်ငံတော် အချုပ်အခြာအာဏာကို အသက်ပေးကာကွယ်မယ့် နိုင်ငံချစ်စိတ်ဓာတ်များမွေးမြူပြီး ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ နိုင်ငံတော်အပေါ် ကျရောက်လာမယ့် ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအားစည်းလုံးမှုအင်အားဖြင့် ကာကွယ်သွားပါ့မယ်လို့ ကတိပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

(သတင်းစဉ်)

အနောက်အင်အားကြီးနိုင်ငံအချို့က မြန်မာနိုင်ငံမှာ သူတို့လိုလားတဲ့ ရုပ်သေးအစိုးရတင်နိုင်ရေးအတွက် တပ်မတော်အစိုးရကို ဖိအားပေးအကျပ်ကိုင်နိုင်အောင် ILO ကို နိုင်ငံရေးစင်မြင့်အဖြစ် လက်ငင်းအသုံးချနေ။ ရှက်ဆစ် ခေါင်းဆောင်တဲ့ SSA အကြမ်းဖက် အဖွဲ့ကလည်း ရှမ်းပြည်လွတ်မြောက်ရေးဆိုတဲ့ မျက်နှာဖုံးစွပ်ပြီး နောက်ကွယ်မှာ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချပြီး ကိုယ်ကျိုးရှာနေ။

မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်း တာမွေမြို့နယ် မာန်အောင်ရပ်ကွက် မိုးကုတ်ဝိပဿနာ အေးရိပ်သာကျောင်းတိုက်၊ အဖွဲ့ခွဲအမှတ်(၃၁၈) ဓမ္မရိပ်သာကြီးတွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဉပနိဿယအတိုင်း ဦးစီးပဓာနနာယကဆရာတော် ရွှေမန်းသူရိယ (ကမ္မဋ္ဌာနာစရိယ) ဓမ္မကထိက ဗဟုဇနဟိတရေ အရှင်သူမြတ်က ဩဂုတ် ၆ရက်မှ ၁၃ရက်အထိ ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး တရားများ ဟောကြားမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူ ယောဂီများ ဖုန်း–၅၄၅၄၁၅ သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဝါတွင်းကာလတရားစခန်းဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၂၇

မိုးကုတ်ဝိပဿနာ နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ အောင်ချမ်းသာ အရှင်စန္ဒသူရိယသည် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ် (၁၆)ရပ်ကွက် မြို့ဦးစေတီဘုတာရုံဓမ္မရိပ်သာကျောင်းတိုက်တွင် ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၄ ရက်အထိ၊ ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၂ ရက်အထိနှင့် စက်တင်ဘာ ၂၈ ရက် မှ အောက်တိုဘာ ၂ ရက်အထိ ဝါတွင်းကာလ တရားစခန်းသုံးကြိမ်ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီများ အိပ်ရာလိပ်နှင့် အသုံးအဆောင်ပစ္စည်းများ ယူဆောင်လာကြရမည်ဖြစ်သည်။ (က–ပ)

ပြည်ထောင်စုကြီး၏ သမိုင်းအစဉ်အလာကို မထိခိုက်သော၊ အမျိုးဂုဏ် ဇာတိဂုဏ် မထိပါးသော အမျိုးသားရေး စရိုက်လက္ခဏာ မယိုယွင်းစေသော ဒီမိုကရေစီစနစ် ပီပြင်စွာထွန်းကားရေးသည်အဓိက

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ယနေ့ကျင်းပသော "ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမင်းဟန်(အငြိမ်းစား)၏ "ဒို့တာဝန်အရေးသုံးပါးကို ခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်နေမှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ကျွန်တော့်အနေနဲ့ ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို ဆက်လက်ဆွေးနွေးတင်ပြသွားပါမယ်။

လေးစားအပ်ပါသောသဘာပတိကြီးခင်ဗျား–

ယနေ့အချိန်အခါဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရေး၊ အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာတောင့်တင်းစေရေးနဲ့ တိုင်းရင်းသား ပြည်သူများ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရေး ရည်မှန်းချက်နဲ့ ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ကာလပဲ ဖြစ်ပါတယ်။

နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းမှု ရှိလာတာနဲ့အမျှ ခေတ်အဆက်ဆက်က မည်သည့်အစိုးရမျှ မလုပ်ဆောင်နိုင်ခဲ့တဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ၁၉၈၉ခုနှစ်ကစပြီး ဆောင်ရွက်ခဲ့ပါတယ်။

မူးယစ်ဆေးဝါးပပျောက်ရေးအတွက် တားဆီးနှိမ်နင်းတိုက်ဖျက်ရေးလုပ်ငန်းများကိုလည်း စီမံကိန်းရေးဆွဲပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံအပေါ် အမျိုးမျိုးအပြစ်ရှာ ဝေဖန်ပုတ်ခတ်နေတဲ့ အနောက်နိုင်ငံကြီးတစ်နိုင်ငံနှင့် အပေါင်းအပါများဟာ မြန်မာအစိုးရကို မူးယစ်ဆေးဝါး နှိမ်နင်းရေးမှာ အားရစရာမကောင်းဘူးလို့ ကျေးဇူးကန်း ပုတ်ခတ်ပြောကြားခဲ့ပါတယ်။ မိမိတို့ မြန်မာ့တပ်မတော်ဟာ ၁၉၈၈ခုနှစ်မှ ၁၉၉၈ ခုနှစ်(၁၀)နှစ်အတွင်း မူးယစ်ဆေးဝါးနှိမ်နင်းရေးစစ်ဆင်ရေးကြီးများစွာကို ဆင်နွှဲခဲ့ပါတယ်။ အဲဒီစစ်ဆင်ရေးတွေမှာ မူးယစ်ဆေးဝါးထုတ်လုပ်သူတွေ အတုံးအရုံးကျဆုံးသလို မိမိတို့တပ်မတော်သားပေါင်း ၇၆၆ဦး အသက်စွန့်ပြီး ၂၂၆၂ဦး ဒဏ်ရာအနာတရ ရတဲ့အထိ စွန့်လွှတ်စွန့်စားဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို မြန်မာနိုင်ငံအစိုးရဟာ ကမ္ဘာ့လူသားအားလုံးရဲ့အန္တရာယ်ဖြစ်တဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်နေပါလျက် ကျေးဇူးကန်းပြီး မဟုတ်မတရား စွပ်စွဲနေတာကို မကျေနပ်တဲ့အတွက် အမေရိကန် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အေဂျင်စီက သံအရာရှိ ရစ်ချက်ဟွန်းက အမေရိကန်အစိုးရနှင့် CIAကို တရားစွဲခဲ့ဖူးသလို၊ တစ်ချိန်က ရန်ကုန်မှာရှိတဲ့ အမေရိကန်သံရုံးက သံအမတ် ဗီလျံဂျေစီဘော့ဒ်တို့ သံအမတ်ဒေးဗစ်မက္ကီးတို့ဟာရက်ပြီး ရာထူးမှ နုတ်ထွက်ခဲ့ဖူးပါတယ်။

ဒါ့အပြင် နိုင်ငံတော်အစိုးရဟာ နိုင်ငံတော်အတွင်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုကို သတ်မှတ်ဆောင်ရွက်ပေးခဲ့ပါတယ်။ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်တဲ့ စိုက်ပျိုးရေးကဏ္ဍများအတွက် မြစ်ရေတင်စီမံကိန်းများ၊ ရေလှောင်တမံများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများ၊ လျှပ်စစ်စွမ်းအားကဏ္ဍများ၊ ပညာရေးကဏ္ဍများ၊ ရေရရှိရေးလုပ်ငန်းများ၊ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများ၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ၊ စက်မှုလက်မှုကဏ္ဍများ၊ သိပ္ပံနှင့်နည်းပညာရပ်များ စတဲ့ ကဏ္ဍအသီးသီးမှာ တိုးတက်မြင့်မား လာအောင် ယနေ့နိုင်ငံတော်အစိုးရအနေနဲ့ နေ့မအားညမနား စွမ်းဆောင်ပေးလျက်ရှိပါတယ်။

တပ်မတော်အစိုးရလက်ထက် ၁၉၈၈မှ ၂၀၀၅အတွင်း ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးမှု ထင်ထင်ရှားရှား ကြီးကြီးမားမား ရနေပါတယ်။ အရေးကြီးဆုံးဖြစ်တဲ့ စားနပ်ရိက္ခာဖူလုံမှုကို ကြည့်ရင် ဖူလုံမှု ၁၄၃ရာခိုင်နှုန်း ရှိနေပါတယ်။ ယခင်က စပါးတင်းသန်း ၆၅၃ပဲ ထွက်ရှိပေမယ့် ယခု တင်းသန်းပေါင်း ၁၁၉၇အထိ နှစ်ဆနီးပါး တိုးတက်ထွက်ခဲ့ပါတယ်။ တောင်သူတွေ ဝင်ငွေများများရတဲ့ ပဲအမျိုးမျိုး စိုက်ပျိုးမှုကို ကြည့်ရင်လဲ ယခင်က ပဲစိုက်ဧက နှစ်သန်းကျော်ရှိရာမှ ယခုရှစ်သန်းခွဲရှိလာတာကြောင့် ၄ ဒသမ ၂ဆ တိုးတက်မှုဖြစ်ပါတယ်။ လျှပ်စစ်အင်အားနှစ်ဆခွဲ ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ပါတယ်။ တိုးတက်ပြီးတော့လည်း လျှပ်စစ်ဓာတ်အားရရှိဖို့ ဆောင်ရွက်နေဆဲဖြစ်ပါတယ်။

ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမင်းဟန်(အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ပညာရေးကဏ္ဍကိုကြည့်ရင် အခြေခံပညာမှာ ကျောင်းသားဦးရေဟာ ယခင်က ငါးသန်း နှစ်သိန်းရှိရာ ယခု ခုနစ်သန်း ရှစ်သိန်းခန့်ရှိပြီမို့ ၁ ဒသမ ၄ဆအထိ တိုးတက်သလို၊ တက္ကသိုလ်ကောလိပ် အဆင့်မြင့်ပညာရေးကဏ္ဍမှာလဲ ယခင်ကကျောင်းသား တစ်သိန်းသုံးသောင်းသာရှိရာက ယခု ရှစ်သိန်းခန့်၊ အဆအားဖြင့် ခြောက်ဆအထိ ထူးထူးခြားခြားတိုးတက်မှုရှိပါတယ်။

လေးစားအပ်ပါသောသဘာပတိကြီးခင်ဗျား–

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ ၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ရက်နေ့မှာ နိုင်ငံတော်ကို စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရန် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကြေညာခဲ့ပါတယ်။

အဲ့ဒီကြေညာချက်ကို ၂၀၀၃ ခုနှစ် စက်တင်ဘာလနဲ့ အောက်တိုဘာလအတွင်း ပြည်နယ်နှင့် တိုင်း အသီးသီးမှာ ကျင်းပပြုလုပ်တဲ့ လူထုအစည်းအဝေးပွဲများကလည်းကောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှာ ကျင်းပပြုလုပ်တဲ့ လူထုအစည်းအဝေးကြီးကလည်းကောင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံမှာကျင်းပတဲ့ နဝမအကြိမ် အာဆီယံထိပ်သီးညီလာခံမှာ အာဆီယံခေါင်းဆောင်များအားလုံးက လည်းကောင်း ကြိုဆိုထောက်ခံခဲ့ကြပါတယ်။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအစီအစဉ်အရ ပထမအဆင့်အဖြစ် ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှာ ပြည်သူလူထုကို ကိုယ်စားပြုတဲ့ လူထုလူတန်းစားအလွှာအသီးသီးက ကိုယ်စားလှယ်များပါဝင်တဲ့ အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပနေပြီဖြစ်ပါတယ်။

အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးပါက သတ်မှတ်ထားတဲ့ အစီအစဉ်အတိုင်း အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ အဲ့ဒီလို ဆောင်ရွက်ရာမှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အပြည့်အဝနဲ့ ယခုလိုပဲ တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောသဘာပတိကြီးခင်ဗျား–

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ ပြည်ထောင်စုကြီး၏ သမိုင်းကြောင်းအစဉ်အလာကို မထိခိုက်သော၊ နိုင်ငံနှင့် လူမျိုးတို့၏ အမျိုးဂုဏ်ဇာတိဂုဏ်ကို မထိပါးစေသော၊ အမျိုးသားရေးစရိုက်လက္ခဏာကို မယိုယွင်းစေသော စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ် ပီပြင်စွာထွန်းကားရေးဟာ အဓိကဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်ရဲ့ အမျိုးသားရေးမူဝါဒဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးနှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော်နေတဲ့ နိုင်ငံရေးလုပ်ငန်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ဦးဆောင်မှုအောက်မှာ ပြည်သူအားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ အင်တိုက်အားတိုက် ဆက်လက်ပူးပေါင်း လက်တွဲဆောင်ရွက်ကြဖို့ အလေးအနက်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

(သတင်းစဉ်)

ရရှိပြီး ဖွံ့ဖြိုးတိုးတက်မှုများကို ထိန်းသိမ်း မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး စည်းလုံးညီညွတ်မှုအင်အားဖြင့် တည်ဆောက်

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ယနေ့ကျင်းပသော "ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့်ကာကွယ်ရေး" လူထုအစည်းအဝေးတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကိုယ်စားလှယ် ဒေါက်တာနေရည်ရည်လင်း၏ "ဒို့တာဝန်အရေးသုံးပါးကိုခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ကျွန်မအနေနဲ့ ယနေ့ကျင်းပပြုလုပ်တဲ့ ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှု အင်အားဖြင့် ကာကွယ်ရေးလူထု

ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက် သွား မည့် မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့် အဝဖြင့် ပူးပေါင်း ပါဝင် ဆောင် ရွက် ရေး နှင့် ပတ်သက်၍ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကိုယ်စားလှယ် ဒေါက်တာနေရည်ရည်လင်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အစည်းအဝေးကြီးမှာ ဒို့တာဝန်အရေး(၃)ပါးကိုခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောသဘာပတိကြီးရှင်–

ကျွန်မတို့ မြန်မာတိုင်းရင်းသားများဟာ မြန်မာ့မြေပေါ်မှာ မျိုးဆက်ရှည်ကြာစွာပေါက်ပွား ရှင်သန်လာခဲ့ကြတဲ့ သွေးချင်းသားချင်း ညီနောင်ရင်းများဖြစ်ကြပါတယ်။ တိုင်းရင်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးခြင်း၊ ရိုင်းပင်းကူညီခြင်း၊ အပြန်အလှန် အမှီသဟဲပြုခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဆိုတဲ့ မိသားစုစိတ်ဓာတ်ကို အခြေခံပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အတွင်းမှာ သုခ၊ ဒုက္ခဟူသမျှကို မျှဝေခံစားကြရင်း ပေါင်းစည်းယှက်နွှယ် နေထိုင်ခဲ့ကြတာ လူ့သမိုင်းအစမှ ယနေ့ထက်တိုင်ပဲ ဖြစ်ပါတယ်။

ကျွန်မတို့ မြန်မာတိုင်းရင်းသားများဟာ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ မိမိနိုင်ငံအတွင်း စည်းလုံးညီညွတ်စွာ နှစ်ပေါင်းထောင်ချီ နေထိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ တိုင်းရင်းသားများ စည်းလုံးညီညွတ်တဲ့ ကာလများမှာ နိုင်ငံတော်၏ အင်အားဟာ ခိုင်မာတောင့်တင်းပြီး ပတ်ဝန်းကျင်နိုင်ငံများရဲ့ ခံ့ညားလေးစားမှုကို ခံခဲ့ရပါတယ်။ ဒါပေမယ့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုနဲ့ တပ်မတော် အင်အား လျော့နည်းလာသည့်ကာလမှာ

နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ နိမ့်ပါးခဲ့ရုံသာမက နိုင်ငံတော် လုံခြုံရေးနှင့် အချုပ်အခြာအာဏာပါ ထိပါးခံခဲ့ရပါတယ်။

၁၉ရာစုနှစ်အတွင်းမှာ ကျွန်မတို့ မြန်မာနိုင်ငံဟာ ကိုလိုနီနယ်ချဲ့တို့ရဲ့ မတရား ကျွန်ပြုခံခဲ့ရပါတယ်။ ဒါပေမယ့် သူ့ကျွန်မခံလိုတဲ့ မြန်မာတိုင်းရင်းသားများဟာ ဆုံးရှုံးလက်လွှတ်ခဲ့ရတဲ့ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေး ဇာတိမာန်တို့နဲ့အတူ တိုင်းရင်းသားများရဲ့ အသက်၊ သွေး၊ ချွေး မြောက်မြားစွာစတေးပြီး ခက်ခက်ခဲခဲ ရယူကြိုးပမ်းခဲ့ရပါတယ်။ လွတ်လပ်ရေးရပြီးတဲ့နောက်မှာ နယ်ချဲ့တို့ရဲ့ သပ်လျှို သွေးခွဲမှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပြိုကွဲလို့ လက်နက်ကိုင် ပြည်တွင်း သောင်းကျန်းမှု ပဋိပက္ခဒဏ်ကို ခါးစည်းခံခဲ့ရပြန်ပါတယ်။ သူ့ကျွန်ဘဝ လွတ်မြောက်ခဲ့သော်လည်း နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်အဖြစ် မတည်ဆောက်နိုင်ခဲ့ကြပါဘူး။

လေးစားအပ်ပါသောသဘာပတိကြီးရှင်–

နိုင်ငံတော် တည်ငြိမ်ရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးမရှိရင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ဖို့ မဖြစ်နိုင်ပါဘူး။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးတို့ဟာ တစ်ဆက်တစ်စပ်တည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်အစိုးရက အမျိုးသားရေးမူဝါဒဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေး(၃)ပါး ချမှတ်ပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

အရှေ့သည်အရှေ့၊ အနောက်သည်အနောက်

ချစ်နိုင်(စိတ်ပညာ)

နှစ်ဆယ်ရာစု ကုန်ခါနီးမှာ သတင်းနှင့်ဆက်သွယ်မှုနည်းပညာဟာ အဟုန်ပြင်းစွာ ဖြစ်ထွန်းတိုးတက်ခဲ့ပါတယ်။ တစ်ကမ္ဘာလုံးပျံ့နှံ့လွှမ်းခြုံသွားအောင် ကျယ်ပြန့်စွာ လွှမ်းမိုးခဲ့ကြောင်းလည်း တွေ့မြင်ကြရပါတယ်။ စိုက်ပျိုးရေးခေတ်၊ စက်မှုခေတ်တို့ထက် မျက်မှောက်ကာလ နည်းပညာခေတ်ဟာ အရာရာကို ပြောင်းလဲမှု မြန်ဆန်စေတဲ့အတွက် ကမ္ဘာကြီးဟာ အလုံးမဟုတ်တော့ပါဘူး။ ရေချိန်ညီပြင်ညီပေါ်မှာ လူသားအားလုံး အခွင့်အရေး ညီတူညီမျှ ရရှိစေတဲ့ ကမ္ဘာပြားဖြစ်သွားပါပြီလို့ ပညာရှင်အချို့က ဆိုနေကြပါတယ်။

အတွေးအခေါ်၊ တန်ဖိုး၊ နှစ်သက်မှု၊ အလေ့အထ၊ အပြုအမူ၊ ဘဝဟန်ပန်နဲ့တကွ လူတွေရဲ့ နေ့စဉ်ဘဝမှာ နိုင်ငံတစ်နိုင်ငံရဲ့နယ်နိမိတ်မျဉ်းကြောင်းကိုဖြတ်ကျော်ပြီး အပြန်အလှန် ထိုးဖောက်စီးဝင်နေခြင်းတွေဟာ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ကာလအထိ ဒီအချိန်ကာလလောက် မကြီးမား မပြင်းထန်ခဲ့ဘူးဆိုတာ ဝန်ခံရမှာပါ။ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ ပြဇာတ်၊ ပန်းချီစသည် စသည်တို့ဟာ မြေပြင်မှသာမက ဂြိုဟ်တု၊ ကောင်းကင်၊ အင်တာနက်ဝက်ဘ်ဆိုက်တို့မှ တစ်ဆင့်အလွယ်တကူ စီးဆင်းပျံ့နှံ့နေကြလေတော့ အလွယ်တကူ ကြားရ၊ သိရ၊ မြင်နေရတာမို့ ယဉ်ကျေးမှုတွေဟာ ရောထွေးလာကြပါတော့တယ်။ စားသောက်တဲ့ ဟန်တွေဆိုပါစို့။ အစဉ်အလာ လက်နဲ့စားခဲ့တာကိုပဲ ရွံ့စရာလိုလို၊ ရှက်စရာလိုလို ပြောတဲ့လူကပြော။ ရေးတဲ့လူကရေးလာပါပြီ။ တူနဲ့စားမှ ကျန်းမာမယ်လိုလို။ ဇွန်းခက်ရင်းနဲ့စားမှပဲ ခေတ်မီတော့မှာလိုလို။ ဘဝဟန်ပန်တွေမြန်မြန်ဆန်ဆန်ပြောင်းလဲရွေ့လျားနေကြပုံ ပြောပါတယ်။ (တစ်စုံတစ်ရာမကန့်ကွက်ပါ။ ထောက်ခံခြင်းလည်းမပြုပါ။ မိမိဆန္ဒရှိသလို စားနိုင်ပါတယ်။ အားလုံးတန်းစီ၊ ညာညီပြီး စတုတ်တိုက် ညီညီတိတိ ဖြစ်စရာလိုမယ်မထင်ပါ)။

အဝတ်အစား ဟန်ပန်မှာ ၁၉၈၅ နဲ့ ၁၉၉၅၊ ၁၉၉၅နဲ့ ၂၀၀၅ခုနှစ်။ ဆယ်နှစ်၊ ဆယ်နှစ်ဆိုတဲ့ အချိန်ကာလအတွင်း နိုင်ငံတကာရော၊ အရှေ့တောင်အာရှမှာရော၊ မြန်မာပြည်မှာရော ဝတ်ပုံစားပုံတွေဟာ သိသိသာသာပြောင်းလဲလာပါတယ်။ဂျင်းဘောင်းဘီ ဖင်ကျပ်၊ စကပ်တိုတို၊ ထဘီဘေးခွဲ၊ အင်္ကျီလည်ဟိုက်၊ ဆံပင်ပြောင်းဖူးမွေးရောင်၊ ဆံပင်တို၊ ဆံပင်ကောက်၊ အသွင်အပြင် အဝတ်အစားတွေကို ရုပ်ရှင်၊ တီဗွီ၊ ဗီဒီယို စသည်တို့မှာ မြင်ရတဲ့မင်းသား၊ မင်းသမီးတွေက မော်ဒယ် ပြသခဲ့ကြတာကြောင့် လေးအိမ်စုကျေးရွာက လယ်ကန်သင်းပေါ်မှာ တီဗွီထိုင်ကြည့်နေကြတဲ့ ကောက်စိုက်သမကလည်း ကနေ့ ဝတ်လာကြပါပြီ။ နှုတ်ခမ်းနီလည်းဆိုးနေပြီ။သနပ်ခါးတော့လူးတုန်းပေါ့။

နှစ်ဆယ့်တစ်ရာစုမှာတော့ နိုင်ငံရေး ဝါဒသဘောတရားရေးစစ်ခင်းပွဲတွေ ချုပ်ငြိမ်းသွားမှာပါလို့ လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်က အမေရိကန် နိုင်ငံရေးသိပ္ပံပညာရှင် ဒေါက်တာ ဆင်မြူယယ်ဟန်တင်တန်က ပြောခဲ့၊ ရေးခဲ့ ဖူးပါတယ်။ သူပြောတာမှန်သလောက်ပါပဲ။ သို့သော် သူ့စကားက မဆုံးသေးဘူး။ ဆက်လာသေးတယ်။ နှစ်ဆယ့် တစ်ရာစုမှာ ဆက်လက်ဖြစ်ပေါ်လာမယ့် အားပြိုင်မှုတွေကတော့ ယဉ်ကျေးမှုစစ်မျက်နှာဖြစ်ပါတယ်တဲ့။ သူက အဲသလိုဆိုခဲ့တယ်။ အမေရိကန်နဲ့ ဗြိတိသျှအပါအဝင် အနောက်နိုင်ငံကြီးတွေဟာ ဒီသီဝရီအရ ယဉ်ကျေးမှု စစ်မျက်နှာမှာ လက်ဦးမှုရအောင် လက်ဝါးကြီးအုပ်ကာ ထိုးစစ်တွေအဆက်မပြတ်ဆင်နွှဲမယ်ဆိုပြီး လွန်ခဲ့သော အနှစ်နှစ်ဆယ်ကာလမှ ယနေ့အထိ ဟောလီးဝုဒ်ရုပ်ရှင်ဇာတ်ကားများ၊ ပေါ့ပ်ဂီတများ၊ ရုပ်ရှင်၊ ဂီတ၊ ပန်းချီ၊ စာပေစတဲ့ အနုပညာနယ်ပယ်အသီးသီးမှာ အနောက်တိုင်း ယဉ်ကျေးမှုကမထိပ်တန်း၊ အမြင့်စားတန်ဖိုးရှိပြီး အာရှနဲ့ အာဖရိကယဉ်ကျေးမှုတွေက ခေတ်မမီ၊ အနိမ့်စား လွှင့်ပစ်ခဲ့ရမယ့် အရာမျိုး၊ တန်ဖိုးမရှိလို့ ထင်မှတ်အောင် တစ်ဖက်သတ်ဝါဒဖြန့်ဆွဲဆောင်ခဲ့ပါတယ်။

> **အရှေ့သည်အရှေ့၊ အနောက်သည်အနောက် ဆိုတာကိုတော့ ကြည်ကြည်လင်လင် ထွင်းဖောက်ပြီး သိမြင်နားလည်ထားရပါလိမ့်မယ်။ ကျယ်ကျယ်ပြန့်ပြန့် ဗဟုသုတဆည်းပူးသင့်ကြတယ်။**

နောက်ခံအမြင် ကျယ်ကျယ်ပြန့်ပြန့် အသိမရှိသူတွေကတော့ အနောက်ကယဉ်ကျေးမှု စတိုင်လ်ဆိုရင် မိမိတို့ထက် ဘာမဆို ပိုပြီးကောင်းတယ် ထင်တော့တာပါပဲ။ စကားစပ်လို့ ဥပမာပြလိုပါတယ်။ ပုဂ္ဂိုလ်တစ်ဦးဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ခန့်က ရန်ကုန်မြို့မှာ ဟိုတယ်ကြီးတစ်ခုကို ငွေကုန်ကြေးကျ များစွာနဲ့ ကြီးကြီးမားမားခမ်းခမ်းနားနားတည်ဆောက်ခဲ့ပါတယ်။ အဆောက်အအုံရဲ့ ပုံစံကအနောက်တိုင်းဗိသုကာဒီဇိုင်းပါ။ အလွန်တရာ ခေတ်မီပါရဲ့။ သို့သော် မိုးမများလှတဲ့ အအေးဓာတ်ပိုကဲတတ်တဲ့ ဥရောပမှာ သင့်တော်တဲ့ ထိုဟိုတယ်အဆောက်အအုံကြီးဟာ နွေရာသီမှာ အလွန်ပူ။ မိုးရာသီမှာ မိုးအလွန်ပက်။ (တံစက်မြိတ်တွေကို ဥရောပ ဟန်ပန်မျိုး တိုတိတိလေးတွေပဲ လုပ်ထားတယ်လေ)။ ရန်ကုန်ဆိုတာ စစ်တွေနဲ့ ကော့သောင်းလောက် မိုးမများပေမယ့် မိုးရာသီဆိုရင် တော်တော်မိုးရွာတာပဲ မဟုတ်လား။ ဒီတော့-

နွေမှာ နွေမို့လို့ လူမလာပါ။ အလွန်ပူလွန်း။

မိုးမှာ မိုးရာသီကြောင့် လာသူမရှိ။ မိုးယိုမိုးပက် စိုစိစိ။

ဟိုတယ်ဧည့်လာဖို့ ဆောင်းဥတုတစ်ခုသာ အားကိုးနေရရင် ဘယ်ဟန်ကျနိုင်ပါ့မလဲ။ တိုတိုပြောရရင် တွက်ခြေမကိုက်ဖြစ်ပြီး ပြန်ရောင်းရပါလေရော။ ရာဖြတ်အရာရှိတွေက သွားရောက် စစ်ဆေးကြတဲ့အခါ ဥရောပဗိသုကာ စတိုင်လ်ကို တန်ဖိုးကြီးကြီးထားပြီး ပုံတူကူး တည်ဆောက်ခဲ့မိတဲ့ ထိုဟိုတယ်ဟာ အမိုးပြန့်လွန်းခြင်း၊ တံစက်မြိတ်တိုလွန်းခြင်းစတဲ့ မြန်မာ့ရာသီ၊ ရန်ကုန်မြို့ရဲ့ ဒေသအခြေအနေနဲ့ မလျော်ညီ မဆီလျော်ခဲ့တဲ့အတွက် နှစ်တိုတိုအတွင်း ပျက်စီးယိုယွင်းလိုက်တာ မပြောပါနဲ့တော့တဲ့။ အံ့သြစရာပဲတဲ့။

အသက်(၆၀)ကျော် ရာဖြတ်အရာရှိကြီးတစ်ဦးက ကျွန်တော့်ကို လေးလေးပင်ပင် ပြောပြပါတယ်-

"နေရာတကာ ဥရောပစတိုင်လ်၊ ဥရောပပုံစံ။ ခေတ်မီတယ်၊ ကောင်းတယ်၊ ကိုယ့်ထက်သာလွန်နေလိမ့်မယ်လို့ အလွယ်တကူ ယူဆတာကဖြင့် လက်တွေ့ မျက်မြင်အရ တော်တော်လွဲလှပါတယ်ခင်ဗျာ။ ကိုယ့်ရေမြေ၊ ကိုယ့် ရာသီဥတု၊ ကိုယ့်ဆီမှာ နေထိုင်ကြတဲ့ လူတွေရဲ့ အမူအကျင့် ဓလေ့စရိုက်နဲ့ အစဉ်အလာ မျိုးတွေကို တန်ဖိုးထား လေးစားတတ်ဖို့ လိုအပ်နေပါတယ်"တဲ့။ ကိုယ်တွေ့ သင်ခန်းစာကရတဲ့ အသိအမြင်ဖြစ်ပါတယ်။

အင်း-တော်သေးတာပေါ့။ ကျွန်တော်တို့ ကံကောင်းခဲ့တယ်။ ကျွန်တော်တို့ရဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို အနောက်နိုင်ငံမှ စာပိုဒ်၊ ဝါကျ၊ စကားလုံးတွေအတိုင်း ပုံတူကူးချပြီး ဇာတ်သွင်းဖို့ အချို့က ကြံစည်ခဲ့ကြသေးရဲ့။ ပြည်သူလူထုက ဒါမျိုးကို လုံးဝလက်မခံခဲ့ပါ။

ဘရောက်ဒါဝါဒဆိုပြီး ပုံတူကူးဖို့ လုပ်ခဲ့သူတွေလည်းရှိ၊ စတာလင်ဝါဒဆိုပြီး ပုံတူကူးချင်ခဲ့သူတွေလည်းပေါ်ခဲ့။ အနောက်ဒီမိုကရေစီပုံစံ ထပ်တူဖြစ်အောင် သဲကြီးမဲကြီး ကြံစည်သူတွေလည်းပေါက်ဖွားခဲ့။ ကိုယ့်ရေမြေတောတောင် သဘာဝနဲ့ လူတွေရဲ့ သမိုင်းအစဉ်အလာကို လျစ်လျူရှုသမျှ အံချော်နေကြမှာပါပဲ။

အရှေ့သည်အရှေ့၊ အနောက်သည် အနောက် ဆိုတာကိုတော့ ကြည်ကြည်လင်လင် ထွင်းဖောက်ပြီး သိမြင်နားလည်ထားရပါလိမ့်မယ်။ မြင်အောင်လဲ ကျယ်ကျယ်ပြန့်ပြန့် ဗဟုသုတဆည်းပူးသင့်ကြတယ်။

ပြည်ပက သွတ်သွင်းသမျှကို စံပြုဖို့ မဟုတ်ပေဘူး၊ ကောင်းတာကိုယူ၊ မကောင်းတာကို ပယ်နိုင်ရမယ်။ ကောင်းတာကို ယူတဲ့နေရာမှာတောင် ပုံတူကူးချတာမျိုး၊ တိုက်ရိုက်ကူးယူတာမျိုး မဟုတ်ဘဲ မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဓလေ့စရိုက်တွေနဲ့ ဆီလျော်အံဝင်အောင် "မြန်မာမှုပြု"ကြဖို့ လိုအပ်တယ်။ "မြန်မာမှုပြု"တယ်ဆိုတဲ့ ဝေါဟာရဟာ ပုဂံခေတ်ကတည်းက ရှေးမြန်မာကြီးတွေ မျိုးရိုးမတိမ်ကောအောင်၊ အမျိုးသားရေးစရိုက်လက္ခဏာ မပပျောက်အောင် နှလုံးသွင်းလက်ကိုင်ပြုခဲ့တဲ့ အစဉ် အလာကောင်းတစ်ခုအဖြစ် ယနေ့တိုင် ရှင်သန်ထက်မြက်နေဆဲဖြစ်ပါတယ်။ ။

ဆက်ကပ်လှူဒါန်း

နွားထိုးကြီးမြို့နယ်အသင်း မိသားစုများ၏ ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၃ရက်က ဗဟန်းမြို့နယ် ဗဟန်း ၃-လမ်းထိပ် သံယုတ်ကျောင်းတိုက်၌ကျင်းပရာ ပဓာန နာယကဆရာတော် ဘဒ္ဒန္တသုန္ဒရ အမှူးပြုသော နွားထိုးကြီးဇာတိ ဆရာတော်ကြီးများအား အသင်းနာယက ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဇနီး၊ ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် အသင်းသူ၊ အသင်းသားများက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

လယ်တီစံရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၇

ပုဇွန်တောင်မြို့နယ် မဟာညောင်ကုန်းကျောင်းတိုက် မဟာစည်သြဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် ဝါဆိုဝါကပ်တော်မူကြသော ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဇူလိုင် ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဆက်ကပ်မည်ဖြစ်ရာ လှူဒါန်းလိုသူအလှူရှင်များ ကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၂၀၁၆၃၄သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြန်မာသီရိလင်္ကာရာမကျောင်းတိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မြန်မာသီရိလင်္ကာရာမကျောင်းတိုက်၌ မြန်မာသီရိလင်္ကာဆရာတော် အရှင်သဒ္ဓမ္မောဒယအား အမှူးထား၍ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်း စုပေါင်း၍ (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၃၁ ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား လာရောက်ကြည်ညို ဆက်ကပ်လှူဒါန်းနိုင်ရန် ဝေယျာဝစ္စအဖွဲ့က ဖိတ်ကြားထားသည်။ (ကြေးမုံ)

ကွယ်လွန်သူ မောင်ကျော်ဇေယျာဝင်း(ဒုတိယနှစ်၊ဆေးတက္ကသိုလ်-၂)အား ရည်စူး၍ အဘိုး အဘွား၊ မိဘများနှင့် ညီအစ်ကိုမောင်နှမများက ဆွမ်းပဒေသာပင်အတွက် ငွေကျပ် နှစ်သိန်းခြောက်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အမှတ်(၁၈၂)ကုန်ဈေးတန်းလမ်း ပန်းဘဲတန်းမြို့နယ်နေ ဦးဇော်မိုးလွင်-ဒေါ်မို့မို့ခမ်း မိသားစုက သမီးလေး၏ ရက် ၁၀၀ပြည့် မွေးနေ့ အလှူအဖြစ် ငွေကျပ်ငါးသိန်းကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ညောင်ရိပ်သာတရားစခန်းကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၇

သာကေတမြို့နယ် (၁၀)တောင်ရပ်ကွက်၊ ၁၀၈တောင်စွယ်တော်ရှင်ဘုရားကြီး အနီး ညောင်ရိပ်သာတရားစခန်းတွင် ပဓာန နာယက အရှင်ကေသရာဘိဝံသ ဆရာတော်က ဩဂုတ် ၁၄ရက်(တနင်္ဂနွေနေ့)မှ ဩဂုတ် ၂၀ရက်အထိ ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းကို ဟောကြားပြသမည်ဖြစ်သည်။

(၅၈)နှစ်မြောက် ဝိဇာတအလှူတော်ကို ဝါခေါင်လပြည့်ကျော် (၂)ရက် (တနင်္ဂနွေနေ့)တွင် ပင့်သံဃာအရှင်မြတ်အပါး ၆၀ကျော်တို့အား ဝါဆိုသင်္ကန်းနှင့် စာရေးတံမဲအလှူဖြင့် ပူဇော်မည်ဖြစ်၍ တရားစခန်းဝင်လိုသူများနှင့် ပူဇော်လိုသူများ ဖုန်း-၅၄၇၀၂၅သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)



“ပြည်တွင်းပြည်ပအဖျက်သမား များအန္တရာယ်ကို ပြည်သူ့ စွမ်းအား စည်းလုံးမှု အင်အားဖြင့် ကာကွယ် ရေး” လူထုအစည်းအဝေး ကို ရန်ကုန်တိုင်း မ ရမ်း ကုန်း မြို့နယ် မင်း ဓမ္မလမ်း ရှိ မြန်မာ ကွန် ဗင်း ရှင်း စင်တာ၌ကျင်းပ စဉ်။
(သတင်းစဉ်)

ILO သည် မိမိရည်ရွယ်ချက်များကို ဖောက်ဖျက်ပြီး မြန်မာနိုင်ငံအစိုးရအပေါ် မလိုတမာသဘောနဲ့ အလုပ်သမားရေးရာကိစ္စများကို နိုင်ငံရေးအမြတ်ထုတ်ဖို့ တစ်စတစ်စ ဖိအားပေး

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ယနေ့ကျင်းပသော “ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး” လူထုအစည်းအဝေးတွင် မြန်မာနိုင်ငံ လုပ်ငန်းရှင်များကိုယ်စားလှယ် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမြင့်စိုး၏ ဆွေးနွေးတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ လူထုပရိသတ်များ ခင်ဗျား–

ကျွန်တော်တို့ မြန်မာနိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့ ပြည်သူတို့ တစ်သားတည်း ပူးပေါင်းဆောင်ရွက်နေတဲ့အချိန်မှာ ကျွန်တော်တို့ လုပ်ငန်းရှင်များအနေဖြင့်လည်း ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်းဟာ အခြေခံအလုပ်သမားထုကိုအခြေခံပြီး နိုင်ငံတကာဈေးကွက်ကို ဦးတည်တဲ့ စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ တစ်နည်းပြောရရင် မိမိတို့နိုင်ငံရဲ့ အခြေခံအလုပ်သမား (အထူးသဖြင့် အသက် ၁၈ နှစ်မှ ၃၀ နှစ်အတွင်းရှိ အမျိုးသမီးအလုပ်သမားများ) ၏ လုပ်အားကို မိမိတို့နိုင်ငံ၏ တည်ဆဲဥပဒေများသာမက နိုင်ငံတကာ အဖွဲ့အစည်းများ၏ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်လုပ်ကိုင်တင်ပို့သည့် Export လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ ဒီလုပ်ငန်းဟာ နိုင်ငံတော်ရဲ့ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပေါ်ပေါက်လာတဲ့ လုပ်ငန်းတစ်ခုဖြစ်ပြီး ၁၉၉၀ ပြည့်နှစ်မှစတင်ကာ အရှိန်အဟုန်နဲ့ ဟန်ချက်ညီညီ တိုးတက်ဖွံ့ဖြိုးလာခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်မှာ အထည်ချုပ်စက်ရုံပေါင်း ၆၅ ရုံ၊ အလုပ်သမားအင်အား ငါးသောင်းကျော်ကနေပြီး ၂၀၀၀ ပြည့်နှစ်မှာ စက်ရုံပေါင်း ၄၀၀ ကျော်နဲ့ အလုပ်သမားအင်အား သုံးသိန်းအထိ တိုးတက်ဖွံ့ဖြိုးခဲ့ပါတယ်။

ကျွန်တော်တို့ အထည်ချုပ်လုပ်ငန်းမဖွံ့ဖြိုးမီ ၁၉၉၇ ခုနှစ်ကတည်းက ပြည်တွင်းပြည်ပ အဖျက်သမားများ၏ တောင်းဆိုမှုတွေကြောင့် အင်အားကြီးနိုင်ငံတစ်ခုက စီးပွားရေးပိတ်ဆို့မှုများကို ဆက်တိုက်လုပ်ခဲ့ပါတယ်။

1997 Massachusetts Selected Purchasing Law ၊ ၂၀၀၁ခုနှစ် Senate Bill S-926 တွေနဲ့ စီးပွားရေးပိတ်ပင်နိုင်ရန် ကြိုးစားခဲ့ကြပါတယ်။ ဒါကြောင့် အဲဒီတုန်းက Yangon Sport Wear Co., Ltd. ဟာ အလုပ်သမား ၉၉၀၊ Myanmar Triumph International Ltd. က

အထည်ချုပ်လုပ်ငန်းရှင်များအသင်းက အထည်ချုပ်စက်ရုံများအတွင်း အတင်းအကျပ်စေခိုင်းသည့် လုပ်သားများ မရှိကြောင်း၊ ကလေးသူငယ် လုပ်သားများကိုလည်း ခိုင်းစေခြင်းမရှိကြောင်း၊ နိုင်ငံတော်အစိုးရအား ပေးရသည့် အခွန်အခသည်လည်း အခြားသော လုပ်ငန်းများ နည်းတူပင်ဖြစ်ကြောင်း ရှင်းလင်းစွာတင်ပြ ဆွေးနွေးခဲ့ပေမယ့် လက်မခံဘဲ ကိုယ်ချင်းစာမှုကင်းမဲ့စွာ ပိတ်ပင်တားဆီးမှုများ ဆောင်ရွက်ခဲ့။

“ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး” လူထုအစည်းအဝေးတွင် မြန်မာနိုင်ငံ လုပ်ငန်းရှင်များကိုယ်စားလှယ် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုး ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

အလုပ်သမား ၈၅၀ နှင့် Myanmar Unimax Ltd. က အလုပ်သမား ၂၄၀၅ဦး အသီးသီး လျှော့ချခဲ့ရပါတယ်။ အခြားကုမ္ပဏီများလည်း ထိခိုက်ပြီး အလုပ်သမားများ လျှော့ချရသည့်အတွက် အလုပ်သမား ၆၁၆၁ဦး အလုပ်လက်မဲ့ဖြစ်ခဲ့ရပါတယ်။

အလားတူပဲ အထည်ချုပ်စက်ရုံကြီးကိုးရုံက အလုပ်သမား ၇၃၇၁ဦး လျှော့ချခဲ့ရပြီး အထည်ချုပ်စက်ရုံ ၂၅၇ရုံက အမှာစာတွေမရရှိခဲ့တာကြောင့် အလုပ်သမား စုစုပေါင်း နှစ်သောင်းလေးထောင်တစ်ရာ့ခြောက်ဆယ့်သုံးဦး အလုပ်လက်မဲ့အဖြစ်သို့ လွန်ခဲ့သောလေးနှစ်ကျော်က စတင်ရောက်ရှိခဲ့ရပါတယ်။ ဒါ့အပြင် နိုင်ငံအချို့က ကျွန်တော်တို့ အထည်ချုပ်စက်ရုံများမှာ ကလေး သူငယ်လုပ်သားများ စေခိုင်းပြီးထုတ်နေတယ်။ အလုပ်သမားများကို အဓမ္မ ခိုင်းနေတယ်၊ စက်ရုံများကရတဲ့ဝင်ငွေဟာ အစိုးရအား ထောက်ပံ့မှုဖြစ်စေတယ်လို့ မဟုတ်မမှန်လုပ်ကြံ စွပ်စွဲခဲ့ပါတယ်။

ကျွန်တော်တို့ အထည်ချုပ်လုပ်ငန်းရှင်များအသင်းက အထည်ချုပ်စက်ရုံများအတွင်း အတင်းအကျပ်စေခိုင်းသည့် လုပ်သားများမရှိကြောင်း၊ ကလေးသူငယ် လုပ်သားများကိုလည်း ခိုင်းစေခြင်းမရှိကြောင်း၊ နိုင်ငံတော်အစိုးရအား ပေးရသည့် အခွန်အခသည်လည်း အခြားသောလုပ်ငန်းများ နည်းတူပင်ဖြစ်ကြောင်း ရှင်းလင်းစွာ တင်ပြဆွေးနွေးခဲ့ပေမယ့် လက်မခံဘဲ ကိုယ်ချင်းစာမှုကင်းမဲ့စွာ ပိတ်ပင်တားဆီးမှုများ ဆောင်ရွက်ခဲ့ပါတယ်။

သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ လူထုပရိသတ်များခင်ဗျား–

အဆိုးရွားဆုံးကတော့ ၂၀၀၃ခုနှစ် ဇူလိုင်လမှာ ကျွန်တော်တို့ရဲ့ အဝတ်အထည်များသာမက ကျွန်တော်တို့နိုင်ငံရဲ့ ပို့ကုန်များကိုပိတ်ဆို့ပြီး တစ်ဖက်သတ်မတရားအရေးယူတဲ့ Sanction ပေါ်ပေါက်ခဲ့ခြင်းပဲဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ အထည်ချုပ်စက်ရုံပေါင်း ၁၆၀ ပိတ်ခဲ့ရပြီး အထည်ချုပ်သမ အမျိုးသမီးငယ်ခုနစ်သောင်းကျော်နှင့် အမျိုးသားလုပ်သားတစ်သောင်းကျော် အလုပ်လက်မဲ့ဖြစ်ခဲ့ရကာ မှီခိုနေတဲ့မိသားစုဝင် လေးသိန်းကျော်မှာလည်း စားဝတ်နေရေးအခက်အခဲများ ကြုံတွေ့ခဲ့ရပါတယ်။

အဲဒီလို ၎င်းတို့က အလုပ်လက်မဲ့များဖြစ်ပေါ်စေပြီး နိုင်ငံတော်ကို မတည်မငြိမ်ဖြစ်အောင် ရည်ရွယ်လုပ်ဆောင်ခဲ့ပေမယ့် နိုင်ငံတော်နှင့် ကျွန်တော်တို့ရဲ့ စည်းလုံးမှုအားဖြင့် အလုပ်သမားများအပေါ် ကရုဏာရှေ့ထားပြီး စာနာမှုတို့ဖြင့် လုပ်ငန်းရှင်များက အနစ်နာခံကာ မိသားစုပုံသဏ္ဌာန်ဖြင့် ဖြေရှင်းခဲ့ကြပါတယ်။ ဒါ့ကြောင့် သူတို့၏ရည်ရွယ်ချက်များ မအောင်မြင်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

အဲဒီလိုကျွန်တော်တို့ မြန်မာနိုင်ငံက ချုပ်လုပ်ပြီး အဝတ်အထည်တွေကို မတင်သွင်းရလို့ အမေရိကန်အစိုးရက ပိတ်ပင်တားဆီးခဲ့တဲ့အတွက် ကျွန်တော်တို့ စက်ရုံတွေတင် နစ်နာတာမဟုတ်ဘဲ အမေရိကန်ပြည်သူတွေအဖို့ ဈေးနှုန်းချိုသာ၊ အရည်အသွေးကောင်းတဲ့ မြန်မာလုပ် အထည်အလိပ်တွေ ဝယ်ယူခွင့်မရသလို ရောင်းတဲ့ကုမ္ပဏီတွေလည်း ဝင်ငွေမရဖြစ်ခဲ့ရပါတယ်။ ဒါ့ကြောင့် စားသုံးသူပြည်သူတွေနှင့် ကုမ္ပဏီပိုင်ရှင်တွေလည်း နစ်နာပြီး မကျေနပ်ကြပါဘူး။ ကျွန်တော်တို့ အထည်ချုပ် အလုပ်သမားသုံးသောင်းကျော်က မမှန်မကန်ဝါဒဖြန့် စွပ်စွဲခဲ့တာတွေဟာ မဟုတ်မမှန်ကြောင်း ရှင်းလင်းတင်ပြတဲ့ စာကိုပေးပို့ခဲ့သော်လည်း လူသားချင်းကိုယ်ချင်းစာနာမှု ကင်းမဲ့စွာဖြင့် မျက်ကွယ်ပြုခဲ့ကြပါတယ်။

ILO အဖွဲ့ကလည်း ကျွန်တော်တို့ အထည်ချုပ်လုပ်သားများအရေးကို မျက်ကွယ်ပြုခဲ့ကြကြောင်း တင်ပြလိုပါတယ်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✧

28-7)internet 7 7/28/05, 1:13 AM

သဘာပတိအဖွဲ့ဝင်များ

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်ကျင်းပသည့် "ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့်ကာကွယ်ရေး" လူထုအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များကို တွေ့ရစဉ်။ (သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

အဆိုပါ လူထုအစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့၊ မြန်မာနိုင်ငံ သူနာပြုအသင်း၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မင်္ဂလာမေ အမျိုးသမီးစွမ်းဆောင်ရှင်အသင်း၊ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊မြန်မာနိုင်ငံ ငါးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာများအသင်းနှင့် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင် များအသင်းတို့မှ အသင်းအဖွဲ့ဝင် ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ ရပ်မိရပ်ဖများ စုစုပေါင်းအင်အား ၂၇၀၀ တို့ တက်ရောက်ကြသည်။

ဆောင်ရွက်

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူးဦးသာဝင်းက ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာသိမ်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်နွယ်နီအုန်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီး သိန်းနိုင်(အငြိမ်းစား)၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း မြောက်ဥက္ကလာပမြို့နယ်မှ ဒုတိယတပ်ရင်းမှူး ဦးမျိုးမင်းနောင်၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ တပ်ခွဲမှူးဦးမောင်မောင်အေးနှင့် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်း အထွေထွေ အတွင်းရေးမှူး ရပ်မိရပ်ဖ ဒေါက်တာဦးစောလှထွန်း တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် ဒေါ်အေးအေးမော်ကဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်ကေသီက ဆောင်ရွက်သည်။

လူထုအစည်းအဝေးတွင် အခမ်းအနားမှူး ဒေါ်အေးအေးမော်က လူထုအစည်းအဝေး အစီအစဉ်များကို ဖတ်ကြားကြေညာသည်။

နေရာယူ

ထို့နောက် လူထုအစည်းအဝေး သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များသည် စင်မြင့်ပေါ်ရှိ သတ်မှတ်နေရာ အသီးသီး၌ နေရာယူကြသည်။

ရှေးဦးစွာ လူထုအစည်းအဝေးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များအားလုံးက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

အမှာစကားပြောကြား

ယင်းနောက် သဘာပတိ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

(သဘာပတိ၏ အဖွင့်အမှာစကားကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ် ဦးသက်နိုင်ဦးက **"ပြည်တွင်းပြည်ပအဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"** နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

(ဦးသက်နိုင်ဦး၏ ဆွေးနွေးတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကိုယ်စားလှယ် ဒေါ်သူဇာလင်းက **"ပြည်တွင်း ပြည်ပအဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"** နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

(ဒေါ်သူဇာလင်း၏ ဆွေးနွေးတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကိုယ်စားလှယ် ဒေါက်တာ နေရည်ရည်လင်းက **"ဒို့တာဝန်အရေးသုံးပါးကို ခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"** နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

(ဒေါက်တာနေရည်ရည်လင်း၏ ဆွေးနွေးတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မင်းဟန် (အငြိမ်းစား)က **"ဒို့တာဝန်အရေးသုံးပါးကို ခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"** နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

[ဒုတိယဗိုလ်မှူးကြီး မင်းဟန် (အငြိမ်းစား)၏ ဆွေးနွေးတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။]

ဆက်လက်၍ မြန်မာနိုင်ငံ လုပ်ငန်းရှင်များ ကိုယ်စားလှယ် မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုးက ဆွေးနွေးတင်ပြသည်။

(ဥက္ကဋ္ဌ ဦးမြင့်စိုး၏ ဆွေးနွေးတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် မြန်မာနိုင်ငံ အလုပ်သမား ကိုယ်စားလှယ် မင်္ဂလာဒုံမြို့နယ်မှ ဒေါ်တင်မာလာမြင့်က ဆွေးနွေးတင်ပြသည်။

(မင်္ဂလာဒုံမြို့နယ်မှ ဒေါ်တင်မာလာမြင့်၏ဆွေးနွေးတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ် ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလွင်ဦးက လူထုအစည်းအဝေးတွင် လူမှုရေးအသင်းအဖွဲ့အသီးသီးတို့မှ ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင် ကိုယ်စားလှယ်နှင့် အလုပ်သမား ကိုယ်စားလှယ်တို့၏ ဆွေးနွေးတင်ပြချက်များနှင့် **"ပြည်တွင်း ပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"** နှင့် **"ဒို့တာဝန်အရေးသုံးပါးကိုခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"** တို့ကို အဆိုပြုထောက်ခံဆွေးနွေးတင်ပြသည်။

(အတွင်းရေးမှူး ဦးလွင်ဦး၏ အဆိုပြု ထောက်ခံဆွေးနွေး တင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် လူထုအစည်းအဝေး သဘာပတိ ရန်ကုန်တိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက လူထုအစည်းအဝေး အဆိုနှစ်ရပ်ဖြစ်သည့် **"ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"** နှင့် **"ဒို့တာဝန်အရေးသုံးပါးကိုခံယူ၍ နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"** တို့ကို လူထုအစည်းအဝေးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များ အားလုံး၏ ဆန္ဒသဘောထားကို ရယူရာ ကိုယ်စားလှယ်များ အားလုံးက တညီတညွတ်တည်း သဘောတူကြသည့်အတွက် အတည်ပြု ဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက်လူထုအစည်းအဝေးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များက **ပြည်ထောင်စုမပြိုကွဲရေး - (ဒို့အရေး၊ ဒို့အရေး)၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး (ဒို့အရေး၊ ဒို့အရေး)၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး (ဒို့အရေး၊ ဒို့အရေး)၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး (ဒို့အရေး၊ ဒို့အရေး)၊ ပြည်တွင်းပြည်ပအဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့်ကာကွယ်ရေး (ဒို့အရေး၊ ဒို့အရေး)** ဟူသော ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး **"ပြည်တွင်းပြည်ပအဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"** လူထုအစည်းအဝေး နံနက် ၁၀နာရီ မိနစ် ၂၀ တွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်အေးအေးမော်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်ကေသီတို့ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)





နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (
တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာကဏ္ဍက

✧ **ပြည်တွင်းပြည်ပမှ**

စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် နိုင်ငံတော် အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးဆိုတဲ့ အမျိုးသားရေးမူဝါဒကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေးဦးတည်ချက်များချမှတ်ကာ ကြိုးပမ်းတည်ဆောက်လျက်ရှိပါတယ်၊ ကျွန်တော်တို့ နိုင်ငံတော်ကြီးတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေး၊ ဘက်စုံထောင့်စုံမှာ ဟန်ချက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ ဖွံ့ဖြိုးမှု နောက်ကျကျန်နေတဲ့ နယ်စပ်ဒေသများပါ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် အကြားအလပ်မရှိ ဒေသအားလုံးတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးဒေသကြီး (၂၄)ခု သတ်မှတ်ပြီး ကြိုးပမ်းဆောင်ရွက်နေတဲ့

အပြင် ကျေးလက်ဒေသများပါမကျန်ရ
လုပ်ငန်းစဉ်ငါးရပ် ချမှတ်အကောင်အထ
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအ
အတွင်းရှိနေတဲ့ ရည်ရွယ်ချက်တူညီကြ
အဖွဲ့ချုပ်၊မြန်မာနိုင်ငံ မိခင်နှင့်ကလေး
စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ ကြ
မီးသတ်တပ်ဖွဲ့နှင့် အခြားအသင်းအဖွဲ့
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ
တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို
တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေး
ဖြစ်တဲ့အပြင် နိုင်ငံတော်နှင့် တိုင်းရင်းသ
ကာကွယ်နေကြသူများ၊ တည်ဆောက်နေ

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော
အောက်မှာ စည်းလုံးညီညွတ်စွာနဲ့ ကျရာ
လျက် ရှိနေကြပါတယ်၊ ဒါ့ကြောင့်လည်
ဘက်ပေါင်းစုံမှာ ဖွံ့ဖြိုးတိုးတက်လာတာ

ကြိုးပမ်းသ

ဒီနေရာမှာ အလျဉ်းသင့်လို့ ကျွန်တေ
ဖွံ့ဖြိုးရေးအသင်းကြီးရဲ့ စည်းရုံးရေးအခြေ
တယ်၊ ကျွန်တော်တို့အသင်းကြီးဟာ သ
ရှိခဲ့ပြီဖြစ်တဲ့အတိုင်း ပြည်ထောင်စု မြန်မာ
ရပ်ကွက်၊ ကျေးရွာအသီးသီးမှာ ကျယ်က
တယ်၊ ယနေ့ကျွန်တော်တို့အသင်းဝင် စုစု
ခြောက်သိန်းခြောက်သောင်းခန့်ရှိရာမှာတော
ငါးသောင်းကျော် ရာခိုင်နှုန်းအားဖြင့်
အလုပ်သမားအသင်းဝင်ငါးသန်းကျော် ရာ
ရှိပါတယ်၊ ကျောင်းသားလူငယ်အသင်းဝင်
အားဖြင့် ၃၃ဒသမ၁ရာခိုင်နှုန်းရှိပါတယ်၊ အ
နှစ်သန်းလေးသိန်းကျော် ရာခိုင်နှုန်းအားဖြ
ကျွန်တော်တို့အသင်းဝင်အားလုံးဟာအသင်
ချက်၊ တာဝန်ဝတ္တရား၊ စည်းကမ်းများက
အကျိုးကို ကြိုးပမ်းသယ်ပိုးဆောင်ရွက်နေ

ည့် မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှာ
ပ်လုံး ကျရာကဏ္ဍက ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ဆောင်ရွက်နေ

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်ကျင်းပသည့် “ပြည်တွင်းပြည်ပအဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး” လူထုအစည်းအဝေးတွင် သဘာပတိ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်း အဖွင့်အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အပြင် ကျေးလက်ဒေသများပါမကျန်ရလေအောင်ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါတယ်၊ ကျွန်တော်တို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အပါအဝင် ကျွန်တော်တို့နိုင်ငံ အတွင်းရှိနေတဲ့ ရည်ရွယ်ချက်တူညီကြတဲ့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် အခြားအသင်းအဖွဲ့အသီးသီးက အသင်းဝင်များဟာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများရဲ့ အကျိုးစီးပွားကို လိုလားသူများ၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို အခိုင်အမာတည်ဆောက်လိုသူများ၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို လိုလားသူများ ဖြစ်တဲ့အပြင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများရဲ့ အကျိုးစီးပွားကို ကာကွယ်နေကြသူများ၊ တည်ဆောက်နေကြသူများဖြစ်တာကြောင့် နိုင်ငံတော်

ချစ်ကြည်လေးစားအပ်ပါသောကိုယ်စားလှယ်များခင်ဗျား–

ကျွန်တော်တို့ပြည်သူများ မျှော်မှန်းတဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေး အတွက် ကြိုးပမ်း တည်ဆောက်ရာမှာ နိုင်ငံတော်တည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများရဲ့စီးပွားရေးဘဝခိုင်မာတောင့်တင်းရေးနဲ့ အမျိုးသား ပညာရည်မြင့်မားရေးတို့ဟာ အခြေခံလိုအပ်ချက်များဖြစ်ပါတယ်၊ ဒီအခြေခံ လိုအပ်ချက်တွေဟာ ယနေ့ဆိုရင် အတိုင်းအတာတစ်ခုအထိ ပြည့်စုံလာတဲ့ အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ တစ်ဆင့် တက်ပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ ကျွန်တော်တို့တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ကျရာအခန်းကဏ္ဍက ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရရဲ့ မှန်ကန်တဲ့ဦးဆောင်မှု အောက်မှာ စည်းလုံးညီညွတ်စွာနဲ့ ကျရာကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက် လျက် ရှိနေကြပါတယ်၊ ဒါ့ကြောင့်လည်း ကျွန်တော်တို့ နိုင်ငံတော်ကြီးဟာ ဘက်ပေါင်းစုံမှာ ဖွံ့ဖြိုးတိုးတက်လာတာဖြစ်ပါတယ်။

ကြိုးပမ်းသယ်ပိုး

ဒီနေရာမှာ အလျဉ်းသင့်လို့ ကျွန်တော်တို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးရဲ့ စည်းရုံးရေးအခြေအနေအကျဉ်းချုပ်ကို တင်ပြလိုပါ တယ်၊ ကျွန်တော်တို့အသင်းကြီးဟာ သက်တမ်းအားဖြင့် ၁၂ နှစ်တာကာလ ရှိခဲ့ပြီဖြစ်တဲ့အတိုင်း ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်းလုံး၊ မြို့နယ်အသီးသီး၊ ရပ်ကွက်၊ ကျေးရွာအသီးသီးမှာ ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးဖွဲ့စည်းထားပါ တယ်၊ ယနေ့ကျွန်တော်တို့အသင်းဝင် စုစုပေါင်းအင်အားဟာ နှစ်ဆယ့်တစ်သန်း ခြောက်သိန်းခြောက်သောင်းခန့်ရှိရာမှာတောင်သူလယ်သမားအသင်းဝင်ခုနစ်သန်း ငါးသောင်းကျော် ရာခိုင်နှုန်းအားဖြင့် ၃၃ဒသမ ၆ ရာခိုင်နှုန်းရှိပါတယ်၊ အလုပ်သမားအသင်းဝင်ငါးသန်းကျော် ရာခိုင်နှုန်းအားဖြင့်၂၃ဒသမ၀ရာခိုင်နှုန်း ရှိပါတယ်၊ ကျောင်းသားလူငယ်အသင်းဝင် ခုနစ်သန်းတစ်သိန်းကျော် ရာခိုင်နှုန်း အားဖြင့် ၃၃ဒသမ၁ရာခိုင်နှုန်းရှိပါတယ်၊ အလားတူအလွှာပေါင်းစုံမှ အသင်းဝင် နှစ်သန်းလေးသိန်းကျော် ရာခိုင်နှုန်းအားဖြင့် ၁၁ ဒသမ ၂ရာခိုင်နှုန်းရှိကြောင်းနဲ့ ကျွန်တော်တို့အသင်းဝင်အားလုံးဟာအသင်းကြီးရဲ့အခြေခံစည်းမျဉ်းပါ ရည်ရွယ်ချက်၊ တာဝန်ဝတ္တရား၊ စည်းကမ်းများကို လိုက်နာပြီး မိဘပြည်သူများ၏ အကျိုးကို ကြိုးပမ်းသယ်ပိုးဆောင်ရွက်နေကြောင်း အားလုံးအသိဖြစ်ပါတယ်။

အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လျက် ရှိတာကြောင့် အောင်မြင်မှုများရရှိနေပါတယ်။

နှောင့်ယှက်ဟန့်တား

ယခုလို ကျွန်တော်တို့ နိုင်ငံအတွင်းမှာ တပ်မတော်ရဲ့ ဦးဆောင်မှုနဲ့ အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးဖြစ်ထွန်းပေါ်ပေါက်လာအောင် စည်းစည်းလုံးလုံးညီညီ ညွတ်ညွတ်လုပ်ကိုင် ဆောင်ရွက်နေကြတာကို ပြည်တွင်း ပြည်ပအဖျက်အင်အားစုဟာ စွပ်စွဲချက်အမျိုးမျိုးနဲ့ ဝေဖန်ပုတ်ခတ်နှောင့်ယှက် ဟန့်တားမှုတွေ ပြုလုပ်နေကြတာ တွေ့နေရပါတယ်။

ဒါ့ကြောင့်လည်း ၂၀၀၅ခုနှစ် ဇူလိုင်လ၃ရက်နေ့မှာ ကျရောက်တဲ့ မြန်မာအမျိုးသမီးများနေ့မှာ မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးဦးရေ ၂၇သန်း ကျော်ကို ကိုယ်စားပြုတဲ့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က သတင်း ထုတ်ပြန်ကြေညာခဲ့ပါတယ်၊ ယင်းကြေညာချက်ပါ အမျိုးသားရေးအနှစ် သာရများကို ယနေ့အစည်းအဝေးမှာ ထည့်သွင်းဆွေးနွေးကြဖို့ လိုအပ်မှာ ဖြစ်ပါတယ်၊ အထူးသဖြင့် ကြေညာချက်မှာပါရှိတဲ့ မြန်မာနိုင်ငံအား အင်အားကြီး နိုင်ငံတချို့က စီးပွားရေးအရပိတ်ဆို့ ဖိအားပေးမှုကိုခံရခြင်း၊ ပြည်ပအကူ အညီများ ကန့်သတ်ပိတ်ဆို့မှုခံရခြင်း၊ ငွေကြေးထောက်ပံ့မှု နှင့် နိုင်ငံတကာ ချေးငွေပိတ်ဆို့ခံရခြင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ပိတ်ဆို့ခံရခြင်း၊ ကမ္ဘာလှည့်ခရီးသည်နှင့် ဟိုတယ်လုပ်ငန်း များ ပိတ်ဆို့ခံရခြင်း၊ ရပြီးတဲ့ရင်းနှီးမြှုပ်နှံမှု များကိုပြည်ပက ကန့်သတ်ပိတ်ဆို့တဲ့အတွက် အထည်ချုပ်လုပ်ငန်းများ ယုတ်လျော့ကျဆင်းခြင်းစသည့် အချက်များကိုလည်း ထည့်သွင်းဆွေးနွေးကြဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဆုံးဖြတ်ကြဖို့လို

ယနေ့ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းနေတဲ့ ကာလမှာ ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုကို မနာလိုမရှုဆိတ်တဲ့ ပြည်တွင်းပြည်ပ အဖျက်သမားများက နိုင်ငံရေးနည်း၊ စီးပွားရေးနည်း၊ လူမှုရေးနည်း၊ သဘောတရားရေးနည်း၊ ဝါဒဖြန့်ချိရေး နည်းလမ်းများနှင့် ဟန့်တားနှောင့်ယှက်မှုတွေ တိုးပြီး ပြုလာတဲ့အတွက် ယနေ့ လူထုအစည်းအဝေးကြီးသို့ တက်ရောက်လာကြတဲ့ ရည်ရွယ်ချက်တူညီတဲ့ ကျွန်တော်တို့ ညီအစ်ကို မောင်နှမများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအဖွဲ့ အသီးသီးက ကိုယ်စားလှယ်များက ယနေ့လူထုအစည်း အဝေးကြီးမှာ ဘယ်လိုဘယ်နည်းဆောင်ရွက်ကြမည်ကို တင်ပြဆုံးဖြတ်ကြဖို့ဖြစ်ပါတယ်။

ချစ်ကြည်လေးစားအပ်ပါသော ကိုယ်စားလှယ်များခင်ဗျား–

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) စတုတ္ထနေ့ အစည်းအဝေးသို့ တက်ရောက်ပြီး သြဝါဒ စကားမိန့်ကြားခဲ့ရာမှာ **“တပ်မတော်ဟာ နိုင်ငံတော်အာဏာကို မူလပိုင်ရှင်ဖြစ်တဲ့ ပြည်သူလူထုထံ စနစ်တကျပြန်လည်လွှဲပြောင်းပေးသွားမှာဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ပြီး အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်တယ်။ သို့သော်လည်း ဒို့နိုင်ငံကို သြဇာလွှမ်းမိုးလိုတဲ့ နိုင်ငံကြီးအချို့ဟာ ခေါင်းစဉ်အမျိုးမျိုးတပ်ပြီး ဘက်ပေါင်းစုံက အကျပ်ကိုင်လျက်ရှိတယ်။ ဒါပေမယ့် တပ်မတော်ဟာ ခြောက်တိုင်းမကြောက်ဘဲ ရည်မှန်းချက်အတိုင်းနိုင်ငံတော်ရဲ့ အနာဂတ်ကောင်းမွန်ရေးအတွက် ဦးလည်မသုန်ဆောင်ရွက်သွားမှာပဲဖြစ်တယ်”** လို့ မိန့်ကြားခဲ့ပါတယ်။

ချစ်ကြည်လေးစားအပ်ပါသော ကိုယ်စားလှယ်များခင်ဗျား–

ပြည်တွင်းပြည်ပအဖျက်သမားအုပ်စုက ဘယ်လိုပဲ ဖျက်လိုဖျက်ဆီးနှောင့်ယှက် ဟန့်တားပါစေ၊ နိုင်ငံတော် အကြီးအကဲရဲ့ မိန့်မှာချက်အတိုင်း ကျွန်တော်တို့ နိုင်ငံတော် ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ပေါ်လာ ရေးအတွက် ချမှတ်ထားတဲ့ ဦးတည်ချက်များနဲ့ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း နိုင်ငံတော် အစိုးရ၊ ကျွန်တော်တို့ပြည်သူများနဲ့ တပ်မတော်ဟာ တစ်သွေးတည်း တစ်သားတည်း စည်းလုံးညီညွတ်စွာနဲ့ ဆက်လက်ကြိုးပမ်းတည်ဆောက်သွားကြရမှာ ဖြစ်သလို တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့ နိုင်ငံတော်ကြီးကို အေးချမ်းသာယာတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စည်းကမ်း ပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ရေး ကြိုးပမ်း အကောင်အထည်ဖော်နေမှုကို နှောင့်နှေးကြန့်ကြာအောင် ဖျက်လိုဖျက်ဆီး လုပ်ဆောင်နေကြတဲ့ ပြည်တွင်း ပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှု အင်အားဖြင့် ကာကွယ်တားဆီးသွားကြဖို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

(သတင်းစဉ်)

☆ နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ချမှတ်ထားတဲ့ ဦးတည်ချက်များနဲ့ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း နိုင်ငံတော် အစိုးရ၊ ကျွန်တော်တို့ ပြည်သူများနဲ့ တပ်မတော်ဟာ တစ်သွေးတည်း တစ်သားတည်း စည်းလုံး ညီညွတ်စွာနဲ့ ဆက်လက်ကြိုးပမ်းတည်ဆောက်။

တက်ရောက်

“ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး” လူထုအစည်းအဝေးသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

အနောက်နိုင်ငံများရဲ့ ဖောက်ပြန်တဲ့လုပ်ဆောင်ချက်တွေကို ILO က တာဝန်အရ တားဆီးဖို့ဖြစ် ယခုပူးပေါင်းကျူးလွန်နေသည့်အတွက် အဖွဲ့အစည်းတစ်ရပ်ရဲ့ ဂုဏ်သိက္ခာကင်းမဲ့သွား

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ယနေ့ကျင်းပသော “ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအားစည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး” လူထုအစည်းအဝေး၌ မြန်မာနိုင်ငံ အလုပ်သမားကိုယ်စားလှယ် မင်္ဂလာဒုံမြို့နယ်မှ ဒေါ်တင်မာလာမြင့်၏ ဆွေးနွေးတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ယနေ့ကျင်းပတဲ့ လူထုအစည်းအဝေးကြီးမှာ မြန်မာနိုင်ငံ အလုပ်သမားထု၏ကိုယ်စားတင်ပြ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော သဘာပတိကြီးရှင်–

ကမ္ဘာ့နိုင်ငံအသီးသီးမှာ ဝန်ဆောင်မှုများ၊ ကုန်ထုတ်လုပ်မှုများ ဆောင်ကြဉ်းပေးနေတဲ့ အလုပ်သမားများဟာ နိုင်ငံတိုင်းရဲ့ အလွန်အရေးပါတဲ့ အင်အားစုဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို တိုင်းတာရာမှာ ကုန်ထုတ်လုပ်မှုအခန်းကဏ္ဍရဲ့ ပါဝင်မှုဟာ အညွှန်းကိန်းတစ်ခုဖြစ်သလို အလုပ်သမားရဲ့စွမ်းဆောင်ရည်ကလည်း အရေးပါလှပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ ကုန်ထုတ်စွမ်းအားမြင့်မားရေး တက်ညီလက်ညီလုပ်ကိုင်နေတဲ့ အရည်အချင်းပြည့်ဝတဲ့ အလုပ်သမားထုကြီးကို စွမ်းအားတစ်ရပ်အနေဖြင့် အလေးဂရုထားရှိလျက်ရှိပါတယ်။

မြန်မာနိုင်ငံကို ပြည်ပြေးပြည်သစ်ညွှန့်ဝေရဲ့ လိမ်လည်စွပ်စွဲတိုင်တန်းမှုအပေါ် ယုံစားပြီး အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ILO က အတင်းအဓမ္မခိုင်းစေမှုတွေရှိနေတယ်လို့ မတရားစွပ်စွဲပြီး တားဆီးပိတ်ပင်ခဲ့မှုများပြုခဲ့ပါတယ်။ အဲဒါကြောင့် မြန်မာအလုပ်သမားထုတစ်ရပ်လုံး နစ်နာခဲ့ရပြီး အထည်ချုပ်အလုပ်သမားအများစုမှာ အလုပ်လက်မဲ့ဘဝကျရောက်ခဲ့ရပါတယ်။

“ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး” လူထုအစည်းအဝေးတွင် မြန်မာနိုင်ငံ အလုပ်သမားကိုယ်စားလှယ် မင်္ဂလာဒုံမြို့နယ်မှ ဒေါ်တင်မာလာမြင့် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အဲဒီလို ILO ရဲ့ မမှန်မကန်ဆုံးဖြတ်ချက်ဖြစ်တဲ့ ၂၀၀၀ ပြည့်နှစ်ဆုံးဖြတ်ချက်ကိုအကြောင်းပြုပြီး အမေရိကန် နိုင်ငံက မြန်မာနိုင်ငံအပေါ် ကုန်သွယ်ရေးပိတ်ဆို့မှုလုပ်ခဲ့တာကြောင့် အစိုးရပိုင်မဟုတ်တဲ့ အထည်ချုပ်စက်ရုံများ အပါအဝင် ပုဂ္ဂလိကစက်ရုံ၊အလုပ်ရုံများဟာ အရေးယူပိတ်ဆို့မှုရဲ့ ဆိုးကျိုးရလဒ်များကို ခံစားခဲ့ရပါတယ်။ ဒီလိုနဲ့ စက်ရုံ၊ အလုပ်ရုံပေါင်း ၁၆၀ ပိတ် သိမ်းခဲ့ရပြီး စက်ရုံ ၄၀ က အလုပ်သမားများ လျှော့ချခံခဲ့ရလို့ အလုပ်သမားပေါင်း ရှစ်သောင်းကျော် အလုပ်လက်မဲ့ ဖြစ်ခဲ့ရပါတယ်။ အဲဒီအလုပ်လက်မဲ့ဖြစ်ရသူ ရှစ်သောင်းကျော်ထဲမှာ ကျွန်မနဲ့ ဘဝတူ အမျိုးသမီးအလုပ်သမား ခုနစ်သောင်းကျော်ပါဝင်ပါတယ်။ ဒါကြောင့် အဲဒီအလုပ်အမားများကို မှီခိုသူမိသားစုဝင်ပေါင်း သိန်းချီပြီး အတိဒုက္ခရောက်ခဲ့ရပါတယ်။

သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ လူထုပရိသတ်များရှင်–

ကျွန်မတို့အလုပ်သမားဆိုတာဟာ သင်တင့်လျောက်ပတ်တဲ့ လစာလေးများကို ခံစားရင်း ဘဝအိပ်မက် လှလှလေးများ မက်ခဲ့ရတဲ့သူတွေဖြစ်ပါတယ်။ အထည်ချုပ်စက်ရုံ အလုပ်သမများရဲ့ ဘဝအကျည်းတန်သွားအောင် တွန်းပို့ခဲ့တဲ့ ပြည်ပြေးဖောက်ခွဲရေး အကြမ်းဖက်သမား ပြည်သစ်ညွှန့်ဝေဟာ သူ့အနေအစားချောင်အောင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး အဓမ္မအလုပ်ခိုင်းစေခံနေရသယောင် ICFTU နဲ့ ILO ကို လီဆယ်တိုင်ကြားမှုပြုခဲ့တဲ့အတွက် လူမှုဘဝဖွံ့ဖြိုးရေးကို ရှေ့တန်းတင်ပါတယ်ဆိုတဲ့ ILOဟာ တစ်ဖက်သတ်ယုံစားပြီး လက်ခံခဲ့ပါတယ်။ ဒါ့အပြင် အနောက်နိုင်ငံကြီးတစ်နိုင်ငံနှင့် အပေါင်းအပါများကလည်း မြန်မာနိုင်ငံအပေါ် မခိုင်လုံတဲ့ တစ်ဦးတစ်ယောက်ရဲ့ သတင်းပေးပို့ချက်တွေကို ဘက်လိုက်ယုံစားပြီး စီးပွားရေးအရ ပိတ်ဆို့ဒဏ်ခတ်မှုတွေဟာ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအပေါ် နိုင်ငံရေးအရ အနိုင်ကျင့်နေတယ်ဆိုတာ ကွက်ကွက်ကွင်းကွင်း ပေါ်လွင်ထင်ရှားလှပါတယ်။

လေးစားအပ်ပါသော သဘာပတိကြီးရှင်–

အလုပ်အကိုင်အတည်တကျလေး လုပ်ကိုင်နေရင်းက အလုပ်လက်မဲ့ ဘဝရောက်ခဲ့ရတဲ့ အထည်ချုပ်အလုပ်သမားများရဲ့ ဘဝအခြေအနေကို ဆက်လက်တင်ပြလိုပါတယ်။

လူ့ဘဝမှာ အခြေတစ်ခု အတည်တကျရှိပြီး ဘဝလုံခြုံမှုရှိနေရေးက လူသားတိုင်းအတွက် အရေးပါလှပါတယ်။ အထူးသဖြင့် အထည်ချုပ်လုပ်သားများဟာ မိန်းမသားများဖြစ်တဲ့အတွက် ဒီအချက်ဟာပိုပြီး အရေးကြီးပါတယ်။ အခြေတစ်ခုပျက်ပြီဆိုတာနဲ့ ကံအကြောင်း မကောင်းခဲ့ရင် ဘဝပျက်ရပါတယ်။

အမေရိကန်နိုင်ငံရဲ့ စီးပွားရေးပိတ်ဆို့မှုကြောင့် စက်ရုံများပိတ်လိုက်ရတဲ့အချိန်မှာ အလုပ်လက်မဲ့ဖြစ်ခဲ့ရတဲ့ အထည်ချုပ်လုပ်သားများဟာ အလုပ်ကမရှိ၊ ဝင်ငွေကနတ္ထိ၊ ဘဝလုံခြုံမှုကလည်း မရေရာတဲ့အဖြစ်နဲ့ ရက်ပေါင်း၊ လပေါင်းများစွာ ဖြတ်သန်းခဲ့ရပါတယ်။ အထည်ချုပ်လုပ်သားတွေအနေနဲ့ ဘယ်တော့ထမင်းငတ်မလဲဆိုတဲ့ အဖြစ်ဆိုးကလည်း တစ္ဆေခြောက်သလို ခြောက်ခဲ့ပါတယ်၊ ဒီလို အတိဒုက္ခရောက်နေတဲ့အချိန်မှာ အခွင့်ကောင်းစောင့်နေတဲ့ လူမှောင်ခိုကုန်ကူးပွဲစားများဟာ သူတို့ရဲ့ ယုတ်မာတဲ့လုပ်ငန်းကိုစခဲ့တာပါပဲ။ လိမ်လည်ဖြားယောင်းသွေးဆောင်ပြီး မသိနားမလည်သူတွေကို ဘဝသစ်တစ်ခု ဖန်တီးပေးမယ်လို့ အယုံသွင်းပြီး သူတို့လေးတွေရဲ့ ဘဝန္တံနစ်အောင် လုပ်ခဲ့ကြပါတယ်။ တကယ့်ကို ရေနစ်တဲ့သူကို ဝါးကူလို့ထိုးတဲ့ ဖြစ်ရပ်ပါပဲ၊ ဘဝပျက်ရ၊ လမ်းမှားရောက်ရသူတွေအတွက် ရင်နာစရာပါပဲ။

အဲဒီလို အလုပ်သမားတွေ အလုပ်လက်မဲ့ဖြစ်နေမှု၊ အတိဒုက္ခရောက်နေမှုကို ILO က အလေးဂရုပြုခြင်း အလျဉ်းမရှိဘဲ မိမိဆုံးဖြတ်ချက်ကို အသေစွဲကိုင်လျက် ငါလုပ်တာခံရမည်ဆိုတဲ့ ခံယူချက်မျိုးထားရှိနေတာကို ဝမ်းနည်းစွာတွေ့ရမှာဖြစ်ပါတယ်။ တကယ်တော့ ILO အဖွဲ့ရဲ့ မူလရည်ရွယ်ချက်ဟာ အမျိုးသား/အမျိုးသမီးများအတွက် အခွင့်အရေးတန်းတူညီမျှ ခံစားခွင့်ရရုံတင်မကဘဲ လုံခြုံစိတ်ချရတဲ့ လူသိက္ခာနှင့် ပြည့်ဝတဲ့ အလုပ်အကိုင်အခွင့်အလမ်းများ မြှင့်တင်ပေးရန်ဆိုတဲ့ ရည်မှန်းချက်ဖြစ်ပါတယ်။ လက်တွေ့မှာတော့ သူတို့ချမှတ်ထားတဲ့မူနှင့် ကိုက်ညီခြင်းမရှိခဲ့ပါဘူး၊ အလားတူပဲ စီးပွားရေးပိတ်ဆို့မှုကို နိုင်ငံရေးအမြတ်ထုတ်တဲ့ လက်နက်သဖွယ်အသုံးပြုနေကြတဲ့ အနောက်နိုင်ငံများရဲ့ ဖောက်ပြန်တဲ့ လုပ်ဆောင်ချက်တွေကို ILO က တာဝန်အရ ကာကွယ်တားဆီးရဖို့ဖြစ်ပါတယ်။ ယခုတော့ ILO က ပူးပေါင်းကျူးလွန်နေတဲ့အတွက် အဖွဲ့အစည်းတစ်ရပ်ရဲ့ ရှိသင့်ရှိထိုက်တဲ့ ဂုဏ်သိက္ခာကင်းမဲ့သွားတာ မိမိအခြေခံမှုကို ပြန်လည်ဖျက်ဆီးတာပဲဖြစ်ပါတယ်။

ILO က တစ်ခုပြီးတစ်ခု ဆင့်ကဲဆင့်ကဲ တောင်းဆိုခဲ့သမျှကို ကျွန်မတို့ မြန်မာနိုင်ငံက အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်ခဲ့တာတွေ့ရပါတယ်။ ဒါပေမယ့် အဲဒီလို ပူးပေါင်းဆောင်ရွက်တာကို အသိအမှတ်လုံးဝမပြုဘဲ ပြီးခဲ့တဲ့ ၂၀၀၅ ခုနှစ် ILO ညီလာခံမှာ ၂၀၀၀ပြည့်နှစ်က ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်များကို ပြန်လည်အသက်သွင်းခဲ့ကြောင်းကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီဆုံးဖြတ်ချက်မှာ ၂၀၀၀ ပြည့်နှစ်ဆုံးဖြတ်ချက်ထဲမှာမပါတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မပြုလုပ်နိုင်ရန်ဆိုသော အချက်ကို အပိုဆောင်းထည့်ထားတာကြည့်ခြင်းအားဖြင့် အလုပ်သမားရေးရာကို ဘောင်ကျော်ပြီး နိုင်ငံရေးအရ ဖိအားပေးမှုသက်သက်ဆိုတာ ဘူးပေါ်သလို ပေါ်နေပါတော့တယ်။

သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ လူထုပရိသတ်များရှင်–

အထက်မှာတင်ပြခဲ့တဲ့အတိုင်း အဓမ္မစေခိုင်းမှုလို့ဆိုတဲ့ Forced Labour အကြောင်းပြလျက် ILO က မြန်မာနိုင်ငံအပေါ် အရေးယူဆုံးဖြတ်ချက်များချမှတ်ပြီး မြန်မာနိုင်ငံကို မလိုလားတဲ့ အင်အားကြီးနိုင်ငံအချို့ အပါအဝင် အနောက်နိုင်ငံအချို့တို့ကလည်း နိုင်ငံရေးအရ ဖိအားပေးအကျပ်ကိုင်မှုများကြောင့် မြန်မာအလုပ်သမားထု အလုပ်လက်မဲ့ဖြစ်ခဲ့ရခြင်း၊ စားဝတ်နေရေး ကသီလင်တဖြစ်ခဲ့ရခြင်းဆိုတဲ့ ဆိုးကျိုးရလဒ်တွေသာ ရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ ILO ထဲပါဝင်နေခြင်းကြောင့် ကောင်းကျိုးတစ်စုံတစ်ရာ ရလာစရာအလားအလာမရှိပါ၊ ဆိုးကျိုးတွေသာ ရစရာရှိနေပါတယ်၊ ဒါကြောင့် မြန်မာနိုင်ငံအနေဖြင့် ILO အဖွဲ့မှာ အဖွဲ့ဝင်အဖြစ် ဆက်လက်ပြီး ပါဝင်သင့်သလားဆိုတဲ့ သဘောထားကို နိုင်ငံတော်အစိုးရက လွတ်လပ်စွာဆုံးဖြတ်သင့်ပါကြောင်း၊ နိုင်ငံတော်အစိုးရရဲ့ ဆုံးဖြတ်ချက်ကို သဘောတူပါကြောင်းနဲ့ ကျွန်မတို့ပြည်သူများက နိုင်ငံတော်အစိုးရနဲ့ တစ်သဘောတည်းထားရှိမှာဖြစ်ပါကြောင်း အလေးအနက်တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ (သတင်းစဉ်)

မြန်မာနိုင်ငံအပေါ် မခိုင်လုံတဲ့ တစ်ဦးတစ်ယောက်ရဲ့ သတင်းပေးပို့ချက်တွေကို ဘက်လိုက်ယုံစားပြီး စီးပွားရေးအရ ပိတ်ဆို့ဒဏ်ခတ်မှုတွေဟာ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအပေါ် နိုင်ငံရေးအရ အနိုင်ကျင့်နေတယ်ဆိုတာ ကွက်ကွက်ကွင်းကွင်း ပေါ်လွင်ထင်ရှား။

ကိုယ်စားလှယ်များရဲ့ တင်ပြဆွေးနွေးချက်များ လက်ရှိဖြစ်ပေါ်နေမှု အခြေအနေမှန်များကို ထင်ဟပ်

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ယနေ့ကျင်းပသော “ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့်ကာကွယ်ရေး” လူထုအစည်းအဝေးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စားလှယ် ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလွင်ဦး၏ ထောက်ခံအဆိုပြုတင်ပြချက်အပြည့်အစုံမှာအောက်ပါအတိုင်း ဖြစ်သည်–

အဆိုပြုထောက်ခံတင်ပြ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စားလှယ် ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလွင်ဦးက လူထုအစည်းအဝေးတွင် လူမှုရေးအသင်းအဖွဲ့ အသီးသီးတို့မှ ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင် ကိုယ်စားလှယ်နှင့် အလုပ်သမားကိုယ်စားလှယ်တို့၏ ဆွေးနွေးတင်ပြချက်များနှင့် “ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး” နှင့် “ဒို့တာဝန်အရေး(၃)ပါးကိုခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး”တို့ကို အဆိုပြုထောက်ခံ တင်ပြစဉ်။ (သတင်းစဉ်)

ယနေ့ကျင်းပပြုလုပ်တဲ့ လူထုအစည်းအဝေးကြီးမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ကိုယ်စားလှယ် ဦးသက်နိုင်ဦးနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကိုယ်စားလှယ် ဒေါ်သူဇာလင်းတို့က “ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး”နှင့်ပတ်သက်၍လည်းကောင်း။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်စားလှယ် ဒေါက်တာ နေရည်ရည်လင်းနှင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့မှ ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မင်းဟန်(အငြိမ်းစား)တို့က “ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ဆက်လက် ပူးပေါင်းဆောင်ရွက်ရေး” ကိုလည်းကောင်း။

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုးနှင့် အထည်ချုပ် အလုပ်သမားများကိုယ်စားလှယ် ဒေါ်တင်မာလာမြင့်တို့က ILO က မြန်မာနိုင်ငံအပေါ် မတရားအရေးယူဆောင်ရွက်မှုများနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးတင်ပြသွားခဲ့ကြပါတယ်။

လေးစားအပ်ပါသော သဘာပတိကြီးခင်ဗျား–

ကိုယ်စားလှယ်များရဲ့ တင်ပြဆွေးနွေးချက်များဟာ မြန်မာနိုင်ငံအတွင်း လက်ရှိဖြစ်ပေါ်နေမှု ပကတိအခြေအနေမှန်များကို ထင်ဟပ်ဆွေးနွေးတင်ပြကြတာဖြစ်တဲ့အတွက် ထောက်ခံပါကြောင်းနှင့် ကိုယ်စားလှယ်အသီးသီးရဲ့ တင်ပြချက်အပေါ် ယနေ့လူထုအစည်းအဝေးကြီးက အတည်ပြုဆုံးဖြတ်ပေးပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။(သတင်းစဉ်)

✧ စာမျက်နှာ ၇ မှ

သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ လူထုပရိသတ်များခင်ဗျား–

ILO အဖွဲ့ဟာ ကုလသမဂ္ဂအဖွဲ့ရဲ့ အထူးသီးသန့် အဖွဲ့တစ်ဖွဲ့အဖြစ်ပါဝင်ပြီး အလုပ်သမားများအကျိုးကို အကာအကွယ်ပေးရန်၊ အလုပ်အကိုင် အပြည့်အဝရရှိရန် စသည့် အလုပ်သမားများနှင့် ပတ်သက်တဲ့ကိစ္စရပ်ကိုဆောင်ရွက်ဖို့ အထူးပြုဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။

ILO အဖွဲ့သို့ ၁၉၄၈ ခုနှစ် မေလ ၁၅ရက်နေ့ကတည်းက အဖွဲ့ဝင်အဖြစ်ဝင်ခဲ့တဲ့ မြန်မာနိုင်ငံဟာ ILO နှင့် ၁၉၈၈ခုနှစ်ကာလအထိမည်သည့်ပြဿနာမျှမပေါ်ပေါက်ခဲ့ဖူးတဲ့အပြင် ILO မှ အခြားအဖွဲ့ဝင်နိုင်ငံများကို အကူအညီပေးသည့်နည်းတူ မြန်မာနိုင်ငံကလည်း ရရှိခဲ့ပါတယ်။

ဒါပေမယ့် ၁၉၉၀ပြည့်နှစ် နောက်ပိုင်းကာလမှာတော့ ILO အဖွဲ့ဟာ မိမိရဲ့ရည်ရွယ်ချက်ကို ဖောက်ဖျက်ပြီး မြန်မာနိုင်ငံအစိုးရအပေါ် မလိုတမာသဘောနှင့် အလုပ်သမားရေးရာကိစ္စရပ်များကို နိုင်ငံရေးအမြတ်ထုတ်ဖို့ တစ်စထက်တစ်စ ဖိအားပေးလာခဲ့ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

ဒီလိုဖိအားပေးလာမှုတွေ ဖြစ်ပေါ်စေဖို့ ဖန်တီးခဲ့သူကတော့ ပြည်သစ်ညွန့်ဝေပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အဓမ္မခိုင်းစေမှုများ နေရာအနှံ့ပြုလုပ်နေကြောင်း စွပ်စွဲချက်များကို လုပ်ကြံဖန်တီးပြီး ICFTU လို့ ခေါ်တဲ့ အပြည်ပြည်ဆိုင်ရာ လွတ်လပ်သော အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်ကို ချဉ်းကပ်ကာ နိုင်ငံတကာ ဇာတ်ခုံတစ်ခုဖြစ်တဲ့ ILO အဖွဲ့ဆီ ရောက်အောင်လုပ်ဆောင်ခဲ့တာတွေကို တွေ့မြင်ရပါတယ်။ ပြည်သစ်ညွန့်ဝေဟာ မြန်မာနိုင်ငံအတွင်းက ကျောက်မျက်ရတနာ အလွဲသုံးစားမှုကြောင့် အပြစ်ပေးခံရမှာကို ကြောက်ရွံ့ပြီး တစ်ဖက်နိုင်ငံသို့ ခိုးဝင်ကာ လက်တစ်ဆုပ်စာမျှသာပါသော မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် FTUB လို့ခေါ်တဲ့ တရားမဝင်အဖွဲ့အစည်းကို အမည်ခံပြီး စားပေါက်ချောင်အောင် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ပြည်ပရောက် မြန်မာအလုပ်သမားများကိုလည်း အမှန်တကယ်ကိုယ်စားပြုခြင်းမရှိဘဲ ကိုယ်စားပြုသယောင် လုပ်ကြံဇာတ်လမ်းဆင်ပြီး မြန်မာနိုင်ငံအပေါ် အကြမ်းဖက်လုပ်ရပ်တွေကို ကိုယ်တိုင်ကိုယ်ကျ တွန်းအားပေးခဲ့တဲ့ အကြမ်းဖက်သမားတစ်ယောက်သာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ဒါကို ILO က သိလျက်နဲ့ မဟုတ်မမှန်လုပ်ကြံဖန်တီးတဲ့ စွပ်စွဲချက်တွေကိုလက်ခံပြီး မြန်မာနိုင်ငံအပေါ် ဆုံးဖြတ်ချက်တွေ တစ်ခုပြီးတစ်ခု ချမှတ်နေခြင်းဟာ ပြည်တွင်းက တာဝန်ရှိသောပုဂ္ဂိုလ်များ အဖွဲ့အစည်းများက ပြောကြားတဲ့ အဖြစ်မှန်တွေကို ဥပေက္ခာပြုခြင်းဖြစ်လို့ အလုပ်သမားထုတစ်ရပ်လုံးက ပြည်သစ်ညွန့်ဝေနဲ့ ILO ကို ရှုတ်ချပါကြောင်းကို ပြောကြားလိုပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်တို့ရဲ့ အထည်ချုပ်လုပ်ငန်းမှာသာမက နိုင်ငံတော်အတွင်းရှိ အလုပ်ရုံလုပ်ငန်းအသီးသီးမှာ အလုပ်သမားနှင့် အလုပ်ရှင်ညှိနှိုင်းဆောင်ရွက်မှုများကို ဖော်ဆောင်လုပ်ကိုင်နေကြလို့ လုပ်ငန်းခွင် အေးချမ်းသာယာမှုရှိနေတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရကလည်း အလုပ်သမားများရဲ့ အခွင့်အရေးကို ကာကွယ်ရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေးတို့အတွက် တစ်မြို့နယ်လျှင် အလုပ်သမားဝန်ကြီးဌာနအောက်မှ ဌာနသုံးခုဖွင့်လှစ်ပြီး ကြီးကြပ်ဆောင်ရွက်နေပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ဘာသာတရား၏ အဆုံးအမများအရ လူအချင်းချင်း ကိုယ်ချင်းစာ ရိုင်းပင်းကူညီတတ်ကြသူများဖြစ်တဲ့အတွက် ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းအဖြစ်သို့ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ရောက်ရှိနေပြီဖြစ်ပါတယ်။ မတရားမှုကိုအခြေခံပြီး ခိုင်းစေဆက်ဆံခြင်းတို့ လုံးဝမရှိကြောင်း အားလုံးအသိပဲဖြစ်ပါတယ်။

လက်ရှိအနေအထားအရ အလုပ်ရှင်၊ အလုပ်သမား အစိုးရ မျှတသည့်ကျင့်စဉ် Fair Practice ဖြင့် ညှိနှိုင်းပေါင်းစပ် လုပ်ကိုင်နေပါတယ်။ အလုပ်သမားဥပဒေပါ အခွင့်အရေးများနှင့် လူမှုအခွင့်အရေးများကို ခံစားမှုရရှိရေးအတွက် အလုပ်ရုံအတွင်း အလုပ်သမားသက်သာချောင်ချိရေးအဖွဲ့များ၊ မြို့နယ် အလုပ်သမားကြီးကြပ်ရေးကော်မတီများ အဆင့်ဆင့်ကျယ်ပြန့်စွာ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့အထည်ချုပ်လုပ်ငန်းရှင်များဟာ မသမာတဲ့ အဖွဲ့အစည်းများက မတရားစီးပွားရေးပိတ်ဆို့မှု Sanction ဖြစ်ပေါ်ခဲ့ပြီးနောက် အလုပ်သမားများအား အလုပ်ပိတ်နစ်နာကြေး ကျပ်သန်းပေါင်း၂၁၀၀ (2. 1Billion Kyats) ပေးခဲ့ရပါတယ်၊ အဲဒီနစ်နာကြေးပေးခဲ့ရတဲ့ ငွေများဟာ ကျွန်တော်တို့ လုပ်ငန်းရှင်များ၏ အကျိုးစီးပွားကို တိုက်ရိုက်ထိခိုက်ခဲ့ရုံမက အခြားရင်းနှီးမြှုပ်နှံမှုသစ်များ တိုးချဲ့မလုပ်နိုင်ခဲ့လို့ နိုင်ငံတော်ရဲ့ အမျိုးသားစီးပွားရေးကိုလည်း ထိခိုက်နစ်နာစေခဲ့ပါတယ်။

သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ လူထုပရိသတ်များခင်ဗျား–

နိဂုံးချုပ်ပြောကြားလိုတာကတော့ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားနှောင့်ယှက်ဖျက်ဆီးနေတဲ့ ပြည်တွင်း ပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအားစည်းလုံးမှုအင်အားဖြင့် ကာကွယ်ရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးကို တည်ဆောက်သွားကြပါစို့လို့ တိုက်တွန်းလိုက်ပါတယ်ခင်ဗျား။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်စက်နှင့်သစ်ဆိုင်များစစ်ဆေး သစ်ခွဲသားများ ပြည်သူများလက်ဝယ်ရောက်ရှိရေး မှာကြား

ရန်ကုန် ဇူလိုင် ၂၇

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇူလိုင် ၂၅ ရက် နံနက်ပိုင်းတွင် အမရပူရမြို့ရှိ အမှတ်(၂)ပုံဖော်စက်သို့ရောက်ရှိရာ ဌေ့ခန်းမ၌ မန်နေဂျာဦးကျော်နိုင်ဦးက ကုန်ကြမ်းရရှိမှုနှင့် ထုတ်လုပ်မှုကို လည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော မိုမင်တန်ကုမ္ပဏီမှဦးကြည်စိန်က ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူလွှမ်းကုမ္ပဏီ၏ သစ်ပါးလွှာနှင့် အထပ်သားစက်ရုံသို့ ရောက်ရှိပြီးထပ်မံတပ်ဆင်ထားသည့် စက်ယန္တရားများ၊ ပြည်ပပို့ရန်ထုပ်ပိုးထားသည့် သစ်ပါးလွှာများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးသည် Golden Nobel Pte, Ltd. ၏ အခြေခံစက်ရုံသို့ရောက်ရှိပြီး စက်ရုံထုတ်ပစ္စည်းများ ခင်းကျင်းပြသထားမှု၊ စက်ရုံအတွင်း ကုန်ချောထုတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် မြန်မာတိုကီဝါကော်ပိုရေးရှင်းလီမိတက် ခဲတံစက်ရုံသို့ရောက်ရှိရာ ဌေ့ခန်းမတွင် မန်နေဂျင်းဒါရိုက်တာ Mr. Sakurai က စက်ရုံနှင့်ပတ်သက်၍ ပဏာမရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်း လွှစက်ရုံ၊ သစ်ပေါင်းခန်းများ၊ ဖယောင်းစိမ်ခြင်းလုပ်ငန်းများ၊ အလျားလိုက် ဖြတ်စက်နှင့်ဖြတ်ပိုင်းမှုလုပ်ငန်းများကိုလှည့်လည်ကြည့်ရှုရာ Mr. Sakuraiနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မန္တလေးစက်မှုဇုန်ရှိ မြန်မာ–မေကောင်း သစ်အခြေခံစက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်း ကုန်ချောပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ၊ သစ်ပါးလွှာစက်ဖြင့် သစ်ပါးလွှာများ ထုတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဝန်ကြီးသည် ညပိုင်းတွင် ပုသိမ်ကြီးမြို့ရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တောင်တန်းများ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

ဝန်ကြီးသည် ဇူလိုင် ၂၆ရက် နံနက်ပိုင်းတွင် ကျောက်ဆည်မြို့ရှိ မြန်မာ့သစ်လုပ်ငန်း သစ်အရောင်းဆိုင်သို့ ရောက်ရှိပြီး ဆိုင်ဝင်းအတွင်း ကျွန်း၊ ပျဉ်းကတိုး၊ အခြားသား သစ်ခွဲသားများရောက်ရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဝန်ကြီးက သစ်ခွဲသားများ ဖြန့်ဖြူးရာတွင် ပြည်သူများလွယ်ကူချောမွေ့စွာ ဝယ်ယူနိုင်ရေးစီစဉ်ပေးရေး၊ အမှန်အသုံးပြုမည့် ပြည်သူများလက်ဝယ်သို့ ရောက်ရှိရေး၊ သစ်ခွဲသားများ မပြတ်လပ်စေရေးတို့ကို မှာကြားခဲ့သည်။

(သတင်းစဉ်)

မြန်မာဆိုင်ဘာဂိမ်းပြပွဲပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်နှင့် မြန်မာလူငယ်များ ဂိမ်းပရိုဂရမ်များရေးသားပြီး ပြိုင်ပွဲဝင်အဆင့်သို့ရောက်ရှိနေကြောင်း ထုတ်ဖော်ပြသရန်ရည်ရွယ်ချက်ဖြင့် Cyber Game Exhibition 2005 ပြပွဲပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ (MICT Park) ၌ ကျင်းပသည်။

ရှေးဦးစွာ အီလက်ထရောနစ်အဆင့် အမျိုးသားလုပ်ငန်းအဖွဲ့ e-National Task Force ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်းလီမိတက် (MICTDC) မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဇော်မြင့်နှင့် ပြပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးတို့က ပြပွဲပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး ပြခန်းများကို ကြည့်ရှုအားပေးသည်။

Cyber Gameပြိုင်ပွဲကို Counter Strikeဝါသနာရှင်နှင့် ပညာရှင်အဆင့်ဟူ၍ ခွဲခြားကျင်းပလျက်ရှိပြီး 3 D Gameများ ရေးသားထုတ်လုပ်ခြင်းအကြောင်း ဆွေးနွေးဖလှယ်ခြင်း၊ မြန်မာလူငယ်များ ကိုယ်တိုင်ရေးဆွဲထားသော 3 D Game များကို လက်တွေ့ရှင်းလင်း သရုပ်ပြခြင်းပါဝင်ရာ စိတ်ပါဝင်စားသူမည်သူမဆို နေ့စဉ်နံနက် ၉နာရီမှ ညနေ၅နာရီအတွင်း လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်းနှင့် ဇူလိုင် ၃၁ရက်တွင် ဆုများချီးမြှင့်မည်ဖြစ်သည်။(သတင်းစဉ်)

✰ စာမျက်နှာ ၅ မှ

လေးစားအပ်ပါသောသဘာပတိကြီးရှင်–

ယနေ့ကမ္ဘာမှာနယ်ချဲ့လိုသူ၊ ဗိုလ်ကျစိုးမိုးလိုသူများ အစဉ်အမြဲရှိနေပါတယ်။ အတိတ်ကာလမှာရှိခဲ့သလို မျက်မှောက်ကာလမှာလည်းရှိနေပါတယ်။ ဒီအချက်များ မှန်ကန်တာကို သမိုင်းမျက်နှာစာများနဲ့မျက်မှောက်ဖြစ်စဉ်များကသက်သေပြလျက်ရှိပါတယ်။

ယနေ့ပစ္စုပ္ပန်ကာလမှာ နယ်ချဲ့လက်သစ်ဝါဒီများဟာ အရှေ့ဥရောပနိုင်ငံများကို ပြိုကွဲသွားအောင်ထိုးနှက်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်နေတဲ့နေရာမှာ စီးပွားရေးနည်းလမ်း၊ နိုင်ငံရေးနည်းလမ်း၊ သံတမန်နည်း၊ ဝါဒဖြန့်ချိရေးနည်း၊ ပြည်တွင်းသစ္စာဖောက်ပုဆိန်ရိုးများ အသုံးချရေးစတဲ့နည်းလမ်းအသွယ်သွယ်ကိုသုံးစွဲခဲ့တဲ့အပြင် အချို့နေရာများမှာ အကြမ်းဖက်တိုက်ခိုက်မှုပါ သုံးစွဲလာတာကို တွေ့ရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောသဘာပတိကြီးရှင်–

နိဂုံးချုပ်အားဖြင့်တင်ပြရရင် ကျွန်မတို့ရဲ့ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားခဲ့တဲ့ **"အေးချမ်းတည်ငြိမ်ရေးစိတ်ဓာတ်၊ စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်၊ နိုင်ငံတော်တည်ဆောက်ရေးစိတ်ဓာတ်တွေဟာ ပြည်ထောင်စုစိတ်ဓာတ်ရဲ့ အနှစ်သာရတွေဖြစ်တယ်"** ဆိုတဲ့ ဩဝါဒစကားကို ယနေ့လူထုအစည်းအဝေးကြီးကို တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်များက အလေးအနက်ခံယူလျက် ရရှိပြီးဖြစ်တဲ့ ဖွံ့ဖြိုးတိုးတက်မှုများကို ထိန်းသိမ်းကာကွယ်ရင်း နိုင်ငံတော်အေးချမ်းသာယာရေး၊ တည်ငြိမ်ရေးမှသည်နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် စည်းလုံးညီညွတ်မှုအင်အားဖြင့် ဆက်လက်ပြီး ကာကွယ်တည်ဆောက်ကြဖို့တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။

(သတင်းစဉ်)

မဇ္ဈိမဂုဏ်ရည် ဓမ္မသဘင်

ရန်ကုန် ဇူလိုင် ၂၇

သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာနနာယက၊ မဟာစည်နယ်လှည့်ဓမ္မကထိက၊ သာသနာ့တက္ကသိုလ ဓမ္မာစရိယ ဒေါက်တာ ဘဒ္ဒန္တကောဝိဒအရှင်မြတ်သည် ဝါတွင်းဥပုသ်နေ့နှင့် တနင်္ဂနွေနေ့တိုင်း နံနက် ၈နာရီနှင့် ညနေ ၄ နာရီတွင် အထက်ပါရိပ်သာ၌လည်းကောင်း၊ဇူလိုင် ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် သာကေတမြို့နယ် (၆)ရပ်ကွက် သီလဝိသုဒ္ဓိဓမ္မာရုံ၊ ဇူလိုင် ၃၁ ရက် မွန်းတည့် ၁၂ နာရီတွင် သာကေတမြို့နယ် (၆) အနောက်ရပ်ကွက် မြင်တော်သာဓမ္မာရုံ၊ ဩဂုတ် ၄ ရက် မွန်းလွဲ ၁ နာရီတွင် သာကေတမြို့နယ် ဆံတော်ရှင် ၁၀၈ တောင်စေတီတော်၊ ဩဂုတ်၁၂ရက် မွန်းလွဲ ၂ နာရီတွင် ဒဂုံမြို့သစ်မြောက်ပိုင်း စန်းမြသီတာ မဟာစည်သာသနာ့ရိပ်သာနှင့် စက်တင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီတွင် သာကေတမြို့နယ် (၃) မာန်ပြေဓမ္မရက္ခိတဘုံဓမ္မာရုံတို့တွင် တရားတော်များ ဟောကြားမည်ဖြစ်သည်။

(က–ပ)

အနန္တစကြဝဠာစာအုပ် ဒုတိယအကြိမ်ထုတ်ဝေ

ရန်ကုန် ဇူလိုင် ၂၇

၂၀၀၃ ခုနှစ် အမျိုးသားစာပေ (ဘာသာပြန်သုတစာပေ)ဆုရှင် စာရေးဆရာ လှိုင်သင်း ရေးသားပြုစုပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ၌ ထုတ်ဝေခဲ့သည့် အနန္တစကြဝဠာစာအုပ်ကို ကန့်ကော်ဦးမွန်စာပေတိုက်၊ သာယာအေး လမ်းသွယ်(၁) သမိုင်းလမ်းဆုံအနီး မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း–၆၆၀၀၂၀ က ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်တွင် ရှေးဟောင်းနက္ခတ္တဗေဒ၊ ပြန်လည်ဆန်းသစ်လာသော ခေတ်နက္ခတ္တဗေဒ၊ ခေတ်နှင့်ရွေ့လျားမှု၊ နေအဖွဲ့အစည်းအတွင်းမှ ဖြစ်စဉ်များ၊ ကမ္ဘာ၊ လနှင့် အခြားဂြိုဟ်များ၊ နေ၊ ကြယ်များ၏ အခြေခံဂုဏ်သတ္တိများ၊ ကြယ်နှင့်ဂြိုဟ်များ ပေါက်ဖွားပုံ၊ ကြယ်ဖြူပု နျူထရွန်ကြယ်နှင့် တွင်းနက်များ၊ နဂါးငွေ့တန်းဂလက်ဆီနှင့်ကွေဆာများ၊ ဂလက်ဆီ အုပ်စုများနှင့် စကြဝဠာပုံသဏ္ဌာန်၊ စကြဝဠာဗေဒဟူသည့် အခန်းကဏ္ဍများပါရှိကာ ရုပ်ပုံကားချပ်များဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ ခုနှစ် ဇူလိုင်လအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့)(၃၁–၇–၂၀၀၅)ရက်နေ့

၂၀၀၅ ခုနှစ်၊ ဩဂုတ်လအတွက်

(၁၄–၈–၂၀၀၅)ရက်နေ့

နှင့်

(၂၈–၈–၂၀၀၅)ရက်နေ့

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈–၇–၂၀၀၅ (ကြာသပတေးနေ့)

၁၃၆၇ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၈)ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

၈:၁၅ ၆။ အဆိုပြိုင်ပွဲ

၈:၂၀ ၇။ အကပဒေသာ

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Islands of Dhamma

၈:၅၀ ၁၀။ ဘဒ္ဒန္တဩဘာသာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) အကျိုးတော်ဆောင်ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပုဏ္ဏာမာရာမဈေးကျောင်းတိုက်၊ ညောင်တုန်းမြို့ဇရာဝတီတိုင်းထံမှ နဝင်္ဂဥပေါသထသီလခံယူ ဆောက်တည်ခြင်း

၉:၀၀ ၁၁။အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English for Everyday Use.

၄:၄၅ ၄။ ရန်ကုန်တိုင်းအမှတ်(၃) အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ်ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ(ဒုတိယဆု) (အထက–၆၊ဗိုလ်တထောင်) (အမျိုးသားဝတ်ရွတ်အဖွဲ့)

၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ –ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)**

၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၅:၃၀ ၇။ မြန်မာစာ၊မြန်မာစကား

၅:၄၅ ၈။"ချစ်သောရေ ချစ်သောမြေ" (ရာဇာနေဝင်း၊ခိုင်နှင်းဝေ) [ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ]

၆:၀၀ ၉။ တေးဂီတအစီအစဉ်

၆:၁၀၁၀။ နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

၆:၂၀ ၁၁။ "ထူးမြတ်တင့်ဆန်း ကြာသက်န်း"

၆:၃၀၁၂။ ညနေခင်းသတင်း

၇:၀၀၁၃။ မိုးလေဝသအခြေအနေ

၇:၀၅၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ဝက်ပါ"(အပိုင်း–၃)**

၇:၃၅ ၁၅။ ဝါဆိုခြင်းပွဲတော်

၇:၄၅၁၆။ မွေးလက်ဖွေ့အားကစား

၈:၀၀ ၁၇။ ပြည်တွင်းသတင်း

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိတ်ဆွေ"(အပိုင်း–၇)**

၂၁။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်

၂၂။ နောက်တစ်နေ့အစီအစဉ်

၂၃။ အစီအစဉ်ပြီး၏။

အလိုတော်ပြည့်ကျောင်းတိုက် (၁၀)ရက် ဝိပဿနာတရားစခန်း

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိမဏ္ဍိုင်ရှိသော အလိုတော်ပြည့်ကျောင်းတိုက်တွင် ဩဂုတ်၁၀ရက်မှ၁၉ရက်အထိ ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ပြည်တွင်းပြည်ပသာသနာပြု ဘဒ္ဒန္တ အရိယဝံသ အလိုတော်ပြည့်ဆရာတော် ကိုယ်တိုင် သတိပဋ္ဌာန် အလုပ်ပေးတရားတော်တို့ကို ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်ရောက်လိုကြသော ယောဂီများသည် ဩဂုတ် ၉ ရက် ညနေ၅နာရီအရောက်လာကြရန်နှင့် ဖုန်း–၀၁–၅၄၅၃၃၇၊ ၅၄၈၈၆၁၊ ၀၉–၅၀၁၄၅၀၀ တို့သို့ ဆက်သွယ်ရန် နှိုးဆော်ထားသည်။ (က–ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ညောင်ဦးမြို့နယ် မြေနဲလေးကျေးရွာအနီးတည်ဆောက်လျက်ရှိသော ကျောက်ကူးလျှပ်စစ်မြစ်ရေတင်လုပ်ငန်း ပင်မမြောင်း ကျောက်စီပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

☆ ကာကွယ်ရေးမှ

ထို့နောက် ညောင်ဦးလေဆိပ်လေယာဉ်ပြေးလမ်း တိုးချဲ့ရေးလုပ်ငန်း စီမံကိန်းရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူးချုပ်ဦးထွန်းလှိုင်က လေယာဉ်ပြေးလမ်း တည်ဆောက်ပြီးစီးမှုနှင့် လေယာဉ်ရပ်နားနေရာ တိုးချဲ့တည်ဆောက်နေမှုလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်က ဖြည့်စွက်တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လုပ်ငန်းများသတ်မှတ်ကာလ အချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မီရေး၊ လေဆိပ်လုံခြုံရေးနှင့် သန့်ရှင်းသပ်ရပ်ရေးဂရုပြုဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် လေယာဉ်ရပ်နားနေရာ တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းခွင်၌ စက်ယန္တရားကြီးများဖြင့် မြေသားလုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့ဝင်များသည် ညောင်ဦးမြို့နယ် မြေနဲလေးကျေးရွာအနီး တည်ဆောက်လျက်ရှိသော ကျောက်ကူးလျှပ်စစ် မြစ်ရေတင်လုပ်ငန်းသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားပြီး ပင်မရေတင်စခန်းနှင့် ပင်မမြောင်း ကျောက်စီပြီးစီးမှု၊ ပိုဗိုလန်ကို အသုံးပြု၍ ကျောက်ပြားများ ပြုလုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပင်မမြောင်းကြီးအတိုင်း ကြည့်ရှုစစ်ဆေးပြီး ညောင်ဦး–မြင်းခြံကားလမ်းမိုင်တိုင်(၂/၄)အနီးတွင် ပင်မမြောင်း၊ လက်တံ မြောင်းများကို ပိုဗိုလန်အသုံးပြု၍ ကျောက်ပြားများ ခင်းကျင်းထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှ ဆက်လက်ထွက်ခွာလာရာ အောက်ညဥ့်ကျေးရွာအနီး တည် ဆောက်လျက်ရှိသော သူကောင်းတည် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြသည်။

ထိုနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စီမံကိန်းလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီပြီးစီးအောင်ဆောင်ရွက်ရေး မှာကြားပြီး ပင်မမြောင်းတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာကြရာ မိုင်တိုင် (၁၁/၂)ရှိ သစ်ထောင်တောင်ကျေးရွာသို့ ရောက်ရှိကြပြီး လက်ပံခြေပေါ်မြစ်ရေတင်ဖြင့် လယ်သမားဦးလှကျော်၏ မနောသုခမိုးစပါး စိုက်ပျိုးနေမှုနှင့် စိုက်ပျိုးပြီး စပါးခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ငါ့သရောက်မြစ်ရေတင်ဖြင့် လယ်သူမဒေါ်စန်း၏လယ်မြေ၌ စိုက်ပျိုးနေသော မိုးစပါးခင်းများနှင့် ဖြစ်ထွန်းအောင်မြင်နေသော စပါးခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာကြရာ မိုင်တိုင် (၁၂/၃)ရှိ ရွာသစ်ကုန်းကျေးရွာသို့ရောက်ရှိကြပြီး လယ်သမားဦးပေါက်စီ၏ လယ်၌ နွေစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးပြီး စိုက်ပျိုးရေ လုံလောက်စွာရရှိရန် ဆောင်ရွက်ပေးရေးအတွက် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ထွက်ခွာလာကြရာ မိုင်တိုင် (၁၅/၄)ရှိ အုန်းနဲ့ ချောင်းကျေးရွာအနီးသို့ ရောက်ရှိကြပြီး ငါ့သရောက်လျှပ်စစ် မြစ်ရေတင်စီမံကိန်း၏ ပင်မမြောင်းများမှလယ်မြေများသို့ ရေပို့လွှတ်နေမှု၊ မိုးစပါးစိုက်ခင်းများနှင့်ရိတ်သိမ်းပြီး နွေစပါးများ သိမ်းဆည်းနေမှုတို့ကို ကြည့်ရှုကြသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာကြရာ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မြင်းခြံခရိုင် တောင်သာမြို့နယ် မိုင်တိုင်(၂၂/၇)ရှိ ကျောဇီ ကျေးရွာအနီး ကျောဇီလျှပ်စစ်မြစ်ရေတင် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လယ်မြေများသို့ စိုက်ပျိုးရေ အပြည့်အဝပေးနိုင်ရေး တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး လျှပ်စစ်ထိန်းချုပ်ခန်းနှင့် ပင်မရေတင်စက်ရုံမှရေပို့လွှတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ကျောဇီ လျှပ်စစ်မြစ်ရေတင် စီမံကိန်း မှ ၂၀၀၅–၂၀၀၆ ခုနှစ်အတွက် စိုက်ဧက ၇၀၀ကို ရေပေးဝေနိုင်မည် ဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ထွက်ခွာလာကြရာ မိုင်တိုင်(၂၇/၄)ရှိ တမိုက်သာကျေးရွာအနီးသို့ရောက်ရှိကြပြီး ကျောဇီ လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ လက်တံမြောင်း(၂)၊ ရေတင်စက်ရုံ(၃) ရေပို့လွှတ်မှုနှင့် နွေစပါးစိုက်ခင်းများ ရိတ်သိမ်းနေမှုတို့ကို ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြင်းခြံ–ညောင်ဦး ကားလမ်းအတိုင်း ပြန်လည်ထွက်ခွာလာကြပြီး နံနက် ၁၁ နာရီ မိနစ်၄၀တွင် ညောင်ဦးမြို့နယ် အုန်းနဲ့ ချောင်းကျေးရွာအနီးရှိ ငါ့သရောက် လျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်ကလုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပင်မရေတင်စက်ရုံပင်မမြောင်းမှ ရေပို့လွှတ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ငါ့သရောက် လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ပင်မမြောင်းတစ်လျှောက် ရေပို့လွှတ်နေမှု အခြေအနေကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုကြပြီး မွန်းလွဲ ၁ နာရီခွဲတွင် တမခါးကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူတည်ဆောက်နေသည့် ငါ့သရောက်ရေလှောင်တမံ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ငါ့သရောက် ရေလှောင်တမံစီမံကိန်း၏ ပင်မတမံ မြေဖို့ခြင်းလုပ်ငန်း စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရေပိုလွှဲ ကွန်ကရစ်လောင်းနေမှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ငါ့သရောက် ရေလှောင်တမံသည် မန္တလေးတိုင်း ညောင်ဦးမြို့နယ် ငါ့သရောက်မြို့မှ အနောက်မြောက်ဘက် သုံးမိုင်ခန့်အကွာ တမခါးကျေးရွာအနီးရှိ ချောင်းမကြီးချောင်းပေါ်တွင် မြေသားတမံတည်ဆောက်ပြီး ငါ့သရောက်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ရေသောက်ဧရိယာများကို ရေကူသွားရန် ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာ လာကြရာ မွန်းလွဲ ၂နာရီခွဲတွင် ငါ့သရောက်မြို့သို့ ရောက်ရှိကြပြီး ဌာနဆိုင်ရာ စုပေါင်းရုံးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဌာနဆိုင်ရာဝန်ထမ်းများ တာဝန်ကျေပွန်စွာစေတနာထား ဆောင်ရွက်ရေး၊ မြို့ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး၊ စိုက်ပျိုးရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးတို့ကိုမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ငါ့သရောက်မြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ငါ့သရောက်မြို့ ပြည်သူ့ဆေးရုံသို့သွားရောက်ကြပြီး အမျိုးသားလူနာဆောင်၊ ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်းနှင့်ဆိုလာခန်းတို့ကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဆေးရုံနှင့်ပတ်ဝန်းကျင် အစဉ်သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဂရုပြုဆောင်ရွက်ရန်တာဝန်ရှိသူများအား မှာကြားပြီး ညောင်ဦးမြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့နှင့်အတူ နံနက်ပိုင်းတွင်လည်း ညောင်ဦးမြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့်တွေ့ဆုံကာ ဒို့တာဝန်အရေးသုံးပါးဦးထိပ်ထား၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ နယ်မြေလုံခြုံရေးအတွက် ပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်ရေးတို့ကိုမှာကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ညောင်ဦးမြို့၌ ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

မအူပင်မြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၂၇

မအူပင်မြို့နယ်အသင်း (ရန်ကုန်)က မအူပင်မြို့နယ်ဖွား ကျောင်းထိုင်ဆရာတော်ကြီး ၁၈ပါးတို့အား ပဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ်၇ရက်၊ (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်အနီး၊ အာဇာနည်လမ်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေတက်ရောက်ကြရန်နှင့် သင်္ကန်း၊ ဆွမ်းနှင့် ဝတ္ထုငွေများလှူဒါန်းလိုသူများသည်ဥက္ကဋ္ဌဦးစိုးဝင်း ဖုန်း–၆၃၅၃၂၄၊ ဒု–ဥက္ကဋ္ဌ ဦးထွန်းကြွယ် ဖုန်း–၂၅၆၄၆၁၊အထွေထွေအတွင်းရေးမှူးဦးမြစိုး ဖုန်း–၅၀၅၉၇၄၊ ၅၂၇၁၈၂၊ ဘဏ္ဍာရေးမှူး ဦးစိန်ညွှန့် ဖုန်း–၂၄၄၅၄၀၊ အမှုဆောင်များဖြစ်သည့် ဒေါ်ခင်ခင်ရီ ဖုန်း–၅၁၀၆၂၄၊ ဦးစိန်မြင့် ဖုန်း–၅၆၅၅၇၀၊ ဦးထိုက်စီ ဖုန်း–၀၉–၅၀၀၀၈၆၂တို့နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

MRTV - 4
ရုပ်မြင်သံကြားအစီအစဉ်
၂၈–၇–၂၀၀၅ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ပုဂံယဉ်ကျေးမှုနယ်မြေမှ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	မြန်မာ့ရိုးရာခြင်းလုံးဝင်ပြိုင်ပွဲ (အပိုင်း–၂)
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
၈း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	Management Talk (1) (ပါမောက္ခ ဒေါက်တာဒေါ်ခင်စန်းရီနှင့် တွေ့ဆုံခြင်း)
၉း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	ဒါးက တံတား
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	Star Album (4) (လူမင်း–ကျန်စစ်မင်းအကြောင်း)
၉း၄၅	မိုးလေဝသခန့်မှန်းချက်
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	သင်ယူစရာပန်းချီပညာ (ရွှေမျှော်ခင်းလက်တွေ့ရေးဆွဲခြင်း)
၁၀း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀	ဗီဖာဖလား ၂၀၀၂ အပိုင်း (၂)
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	အမျိုးသားများတွင်အဖြစ်များသော ကင်ဆာရောဂါများ
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာအစီအစဉ်များကို ည၂၃း၀၀နာရီအထိ (၄)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အသားအရေလှပရေး ပညာပေးဟောပြောမည်

ရန်ကုန် ဇူလိုင် ၂၇

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့က ကြီးမှူးကျင်းပသော "အမျိုးသမီးများ အသားအရေလှပရေး ပညာပေးဟောပြောပွဲ" ကို ဇူလိုင် ၃၁ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ(အေ)၌ ကျင်းပမည်ဖြစ်ရာ အရေပြား အထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်မြင့်မြင့်ကြီးက ဟောပြောပို့ချမည်ဖြစ်၍ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်သည်။ (သတင်းစဉ်)

အမှတ်(၁) နှယ်နီလမ်း အလုံမြို့နယ်နေ မိခင်ကြီး ဒေါ်မြကြည်ကွယ်လွန်သည့် တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ရွှေဘိုမင်းသမီး သနပ်ခါးမိသားစုက အလှူငွေ ကျပ်တစ်သိန်းကို မြဟေဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿန (၂)လမ်း၊ ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း ရန်ကုန်သို့လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူနှင့် ပြန်ကြားရေးအဖွဲ့ ဦးညီကျော်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့ရောက်ရှိ

ရန်ကုန် ဇူလိုင် ၂၇

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီကျောက်ရှင်းခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ရန်အတွက် ယနေ့ညနေပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းနှင့် သံရုံးမှ ဝန်ထမ်းများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီကျောက်ရှင်းနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာဝမ်တုန်းဟွာ၊ သံမှူး မစ္စတာကျန်းခွန်ရှန်းနှင့် တာဝန်ရှိသူများကလည်း လိုက်ပါလာကြသည်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီကျောက်ရှင်း ခေါင်းဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

အောင်ပွဲရ မြန်မာမြားပစ်အားကစားအဖွဲ့အား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့်အတူ တွေ့ရစဉ်။ (ကြေးမုံ)

အောင်ပွဲရမြန်မာမြားပစ်အဖွဲ့ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၂၇

မလေးရှားနိုင်ငံကွာလာလမ်ပူမြို့တွင် ဇူလိုင်၂၀ရက်မှ ၂၅ရက်အထိ ကျင်းပခဲ့သော (၂၉)ကြိမ်မြောက် အမျိုးသားတံခွန်စိုက်အပြည်ပြည်ဆိုင်ရာ မြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်ခုနစ်ခု၊ကြေးတံဆိပ်ခြောက်ခုဖြင့် နိုင်ငံအလိုက်ပထမနေရာရရှိခဲ့သောအောင်ပွဲရ မြန်မာ မြားပစ်အားကစားအဖွဲ့သည် ယနေ့ညနေ ၄နာရီ၅မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် အမှုဆောင်များ၊ တာဝန်ခံနာယကများ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်းနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံရေကူး အဖွဲ့ချုပ်တို့မှ အားကစား မောင်မယ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ယခုပြိုင်ပွဲသို့ အိမ်ရှင် မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ အီရန် စုစုပေါင်းခြောက်နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ရာ မြန်မာကရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်ခုနစ်ခု၊ ကြေးတံဆိပ်ခြောက်ခုဖြင့် နိုင်ငံအလိုက် ပထမနေရာရရှိပြီး အိမ်ရှင်မလေးရှားကဒုတိယနှင့်စင်ကာပူက တတိယနေရာတို့ရရှိကြသည်။ (ကြေးမုံ)

ရန်မျိုးအောင်စေတီ ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် စံပြစီမံကိန်းရပ်ကွက် ဆုတောင်းပြည့် ရန်မျိုးအောင်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများထံ ဩဝါဒခံယူပွဲနှင့် နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၃ ရက်က အနန္တမေတ္တာတန်ဆောင်း၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်) အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိဓမ္မ မဟာသိပ္ပံကျောင်းတိုက်ဆရာတော်၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဝိမလ ဆရာတော်၊ မြို့နယ်ဥက္ကဋ္ဌ (ရွှေကျင်) ဆရာတော်ဘဒ္ဒန္တဂဏိဿရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်)ဆရာတော်က ငါးပါးသီလတရားတော်ချီးမြှင့်ပြီး စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်း(ဇရာ)က သာသနာရေးဆောင်ရွက်ချက်များကို လျှောက်ထားသည်။

ထို့နောက် စေတီတော် ဩဝါဒါစရိယ ဆရာတော်များအား အလှူရှင်များက ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ (၅၀၆)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၇-၇-၂၀၀၅

သိမ်ဇရပ်
၇ ဒသမ ၀၅ လက်မ

ထားဝယ်
၅ ဒသမ ၉၉ လက်မ

စစ်တွေနှင့် ရွှေကျင်
၅ ဒသမ ၃၉ လက်မ

မော်လမြိုင်
၅ ဒသမ ၃၅ လက်မ

ဒွေး
၅ ဒသမ ၂၀ လက်မ

သထုံ
၄ ဒသမ ၈၀ လက်မ

သံတွဲ
၄ ဒသမ ၄၉ လက်မ

မအူပင်
၄ ဒသမ ၃၃ လက်မ

ရန်ကုန်(ကမ္ဘာအေး)
၃ ဒသမ ၂၇ လက်မ

ကိုရီးယား ယန်ယန်းဖိတ်ခေါ်တိုက်ကွမ်ဒိုပြိုင်ပွဲ မြန်မာအသင်းရွှေ(၄)၊ငွေ(၁)၊ကြေး(၅)ရရှိ

ရန်ကုန် ဇူလိုင် ၂၇

ကိုရီးယားသမ္မတနိုင်ငံ ဂန်ဝန်ဒိုမြို့၌ ဇူလိုင် ၂၄ရက်မှ ၂၇ရက်အထိ ကျင်းပသည့် ယန်ယန်းဖိတ်ခေါ်တိုက်ကွမ်ဒိုပြိုင်ပွဲတွင် မြန်မာတိုက်ကွမ်ဒို အမျိုးသမီးအသင်းမှ ဆန်းငုဝါစူး (သက်ငယ်တန်းဘင်တန်ဝိတ်)၊ စိုးစိုးမြာ(ဖလိုင်းဝိတ်)၊မေစန္ဒာကျော်ဝင်း(ဖယ်သာဝိတ်)နှင့် သီရိတင့်လွင်(ပင်းဝိတ်)တို့က ရွှေတံဆိပ်တစ်ခုစီကိုလည်းကောင်း၊ နီလာထွန်း(ဘင်တန်ဝိတ်)နှင့် ရွက်ဝါထွန်း(လိုက်ဝိတ်)တို့ကကြေးတံဆိပ်တစ်ခုစီကိုလည်းကောင်း စုစုပေါင်းရွှေတံဆိပ်လေးခုနှင့် ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိသည်။

အမျိုးသားအသင်းမှ မောင်မောင်ဦး(ဝယ်လ်တာဝိတ်)က ငွေတံဆိပ်တစ်ခုရရှိပြီး ကျော်ကျော်ထူး(ပင်းဝိတ်)၊ စိုးမိုးလွင်(ဖလိုင်းဝိတ်)နှင့် ဝင်းထွန်းလင်း(ဖယ်သာဝိတ်)တို့က ကြေးတံဆိပ်တစ်ခုစီရရှိသဖြင့် စုစုပေါင်းငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်သုံးခု ဆွတ်ခူးရရှိသည်။

ထို့ကြောင့် မြန်မာတိုက်ကွမ်ဒိုအသင်းသည် ယန်ယန်းဖိတ်ခေါ်ပြိုင်ပွဲတွင် စုစုပေါင်း ရွှေတံဆိပ်(၄)ခု၊ ငွေ(၁)ခု၊ ကြေး(၅)ခု ရရှိခဲ့ကြောင်း။

မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်သည် ၂၀၀၅ခုနှစ် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုများရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ အနီးကပ်ကြပ်မတ်ညွှန်ကြားမှုဖြင့် စခန်းသွင်းလေ့ကျင့်ခဲ့ပြီး ပြိုင်ပွဲအတွေ့အကြုံများ ရရှိရေးအတွက် ကိုရီးယားသမ္မတနိုင်ငံသို့ ပြိုင်ပွဲနှင့်ပူးတွဲလေ့ကျင့်ရေးသုံးလခန့် ဆောင်ရွက်ရန် ဇူလိုင် ၁၈ရက်တွင် အဖွဲ့ချုပ်အစီအစဉ်ဖြင့် မြန်မာ့လက်ရွေးစင်တိုက်ကွမ်ဒို အသင်းကို အဖွဲ့ဝင် ၁၅ဦးဖြင့် ဖွဲ့စည်းစေလွှတ်ခဲ့ခြင်းဖြစ်သည်။ ယခုပြိုင်ပွဲအပြီးတွင် ကိုရီးယားသမ္မတနိုင်ငံ လက်ရွေးစင်များနှင့် ပူးတွဲလေ့ကျင့်မှုများဆက်လက်ပြုလုပ်ပြီး ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် စက်တင်ဘာ ၅ရက်မှ ၈ရက်အထိကျင်းပမည့် ကိုရီးယားအလွတ်တန်းချန်ပီယံဖိတ်ခေါ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာလူငယ်ဂူရှူးအဖွဲ့ ပြန်လည်ရောက်ရှိ ရွှေ(၃)ခု၊ ငွေ(၃)ခုနှင့် ကြေး(၂)ခုဆွတ်ခူးခဲ့

ရန်ကုန် ဇူလိုင် ၂၇

စင်ကာပူနိုင်ငံတွင် ဇူလိုင်၂၁ရက်မှ ၂၆ရက်အထိ ကျင်းပခဲ့သော တတိယအကြိမ်မြောက် အာရှလူငယ် ဂူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်နှစ်ခု ဆုတံဆိပ်စုစုပေါင်း ရှစ်ခုဆွတ်ခူးရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသော မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေး ခေါင်းဆောင်သည့် အောင်ပွဲရ မြန်မာလူငယ်ဂူရှူးအဖွဲ့သည် ယနေ့နံနက်၁၁နာရီမိနစ်၅၀က ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်၊ ဂူရှူးအားကစားနည်းပြတာဝန်ခံ၊ နာယကများဖြစ်ကြသည့် ဒေါ်ကျင်ခိုင်နှင့် ဒေါ်ကြည်ကြည်ဝင်း၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ ဂူရှူးလက်ရွေးစင်များ၊ လူငယ်လက်ရွေးစင်များ၊ မျိုးဆက်သစ် အားကစားသမားများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ဆိုင်ရာလေဆိပ်တွင် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

တတိယအကြိမ်မြောက် အာရှလူငယ် ဂူရှူးတံခွန်စိုက်ပြိုင်ပွဲသို့ နိုင်ငံပေါင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်ကြရာ မြန်မာနိုင်ငံက နိုင်ငံအလိုက် အဆင့်(၅)ရရှိခဲ့သည်။

အောင်ပန်းဆင်နိုင်

မြန်မာဂူရှူးအဖွဲ့၏ အောင်မြင်မှုနှင့်ပတ်သက်၍ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေးက ဒုတိယအကြိမ်မြောက် ကျင်းပစဉ်က နိုင်ငံအလိုက် အဆင့်(၆)သာရရှိခဲ့ပြီး ယခုအကြိမ်တွင် နိုင်ငံအလိုက် အဆင့်(၅)ရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် ရွှေတံဆိပ်တစ်ခုပိုရခဲ့ကြောင်း၊ မိမိတို့အထက်တွင် တရုတ်၊ ဗီယက်နမ်၊ ဟောင်ကောင်နှင့် အိမ်ရှင်စင်ကာပူတို့သာရှိကြောင်း၊ မိမိတို့က ကစားသမားရှစ်ဦး ယှဉ်ပြိုင်ရာ ခြောက်ဦးက ဆုတံဆိပ်ရှစ်ခုရရှိခဲ့ကြောင်း၊ ဂူရှူးအင်အားကြီးနိုင်ငံများနှင့်အပြိုင် မိမိတို့ကလေးများမှာ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ဆွတ်ခူးရရှိရန် အကြိတ် အနယ်ယှဉ်ပြိုင်ခဲ့ရကြောင်း၊ လူငယ်ကစားသမားလေးများ အထူးကြိုးစားယှဉ်ပြိုင်ခဲ့၍ ယခုကဲ့သို့ အောင်ပန်းဆင်နိုင်ခြင်းဖြစ်ကြောင်း ပြောကြားသွားသည်။

လိုက်ပါ

အောင်ပွဲရ မြန်မာဂူရှူးအားကစားအဖွဲ့တွင် မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေး၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ကြူကြူ၊ အုပ်ချုပ်သူ ဦးခွန်ဂျာအောင်၊ တရုတ်နည်းပြ Mr. Chen Qin၊ အားကစားသမားများအဖြစ် စိုးဝင်းသိန်း၊ ဝေဖြိုးအောင်၊ ခန့်ဆွေသက်၊ ဟန်နီကိုကို၊ အိမ့်မိမိ၊ ကျော်ဇင်သစ်၊ စန္ဒီဦးနှင့် သက်သက်နိုင်တို့ လိုက်ပါလာကြသည်။ (ကြေးမုံ)

တတိယအကြိမ်မြောက် အာရှလူငယ်ဂူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် မြန်မာလူငယ် ဂူရှူးအဖွဲ့အတွက် ရွှေတံဆိပ်တစ်ခုစီ ဆွတ်ခူးရယူပေးခဲ့သော ခန့်ဆွေသက်၊ စိုးဝင်းသိန်းနှင့် ဝေဖြိုးအောင်တို့အားတွေ့ရစဉ်။ (ကြေးမုံ)

မြစ်ရေကြီးခြင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၂၇

သံလွင်မြစ်ရေသည် ယနေ့နံနက်၀၆း၃၀နာရီအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၁၅စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ယနေ့နံနက် ၀၆း၃၀နာရီအချိန် တိုင်းထွာချက်အရ ရွှေကျင်မြို့တွင် ၆၃၁ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၀၀စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ညောင်ဦးလေဆိပ်တိုးချဲ့တည်ဆောက်မှု ကြည့်ရှု လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းများ စစ်ဆေး

ရန်ကုန်   ဇူလိုင်   ၂၇

မန္တလေးတိုင်း ညောင်ဦးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၄ရက် နံနက် ၈နာရီတွင် ညောင်ဦးလေဆိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် လေဆိပ်ခရီးသည်များနားနေခန်း၊ ပစ္စည်းစစ်ဆေးခန်းများကိုလှည့်လည် ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ လေဆိပ်အဆောက်အအုံ တိုးချဲ့မှုကို ကြည့်ရှုစစ်ဆေးရာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ☆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်ကျင်းပသည့် "ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့်ကာကွယ်ရေး" လူထုအစည်းအဝေးတွင် ကြွေးကြော်သံများဖြင့် တစ်ခဲနက်ကြွေးကြော်ကြစဉ်။
(အပေါ်ပုံနှင့် အောက်ပုံ) (သတင်းစဉ်)

ခေါင်းစဉ်အမျိုးမျိုးနဲ့ အမည်ခံဖွဲ့စည်းထားတဲ့ ပြည်ပသြဇာခံ အမျိုးသားသစ္စာဖောက်အဖွဲ့များက နိုင်ငံတကာမျက်နှာစာ၌ ဒီမိုကရေစီတိုက်ပွဲဝင်နေသူများအဖြစ် ဟန်ဆောင်ဖုံးကွယ် ကိုယ်ကျိုးရှာနေ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ဖျက်ဆီးနေသူများ၊ ဟန့်တားနေသူများကို

မိမိတို့အားလုံးက ဘုံရန်သူအဖြစ်သတ်မှတ်ပြီး ပြတ်ပြတ်သားသား ဆန့်ကျင်ချေမှုန်း

ရန်ကုန်   ဇူလိုင်   ၂၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ယနေ့ကျင်းပသော "ပြည်တွင်း ပြည်ပအဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ် ဦးသက်နိုင်ဦး၏ "ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ကျွန်တော့်အနေနဲ့ ယခုကျင်းပတဲ့ လူထုအစည်းအဝေးကြီးမှာ **"ပြည်တွင်း ပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"**ကို ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪